


## တင်မိုး

# ပုဂံကျောင်းက ခေါင်းလောင်းသံ

http://mmteashop.com

| | |
|---|---|
| ပထမအကြိမ် ထုတ်ဝေသည့်နေ့ | ၁၉၇၇၊ဇူလိုင် |
| အုပ်ရေ | ၃၀၀၀ |
| တန်ဖိုး | ၅ကျပ် |
| မျက်နှာဖုံးပန်းချီ | ပေါ်ဦးသစ် |
| အဖုံးရိုက် | ဝေဝေလွင် |
| ပုံနှိပ်သူ | ဦးသိန်းတန်(မြဝ၀၁၉)<br>သီဟရတနာပုံနှိပ်တိုက်<br>အမှတ်၁၄၄၊ အနော်ရထာလမ်း၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဒေါ်မြင့်မြင့်စန်း(ဝ၁၇၈၁)<br>အမေ့ကျောင်းစာစဉ် အခန်း၄-၁၊ ပုဂံခြံဝင်း၊<br>၁၅၄၊ တက္ကသိုလ်ရိပ်သာလမ်း၊ ရန်ကုန်။ |

*Online Publish*

| | |
|---|---|
| *Typing* | *ခရေငယ်* |
| *Proof & PDF* | *ဟိဂျက်းဇော်အောင်* |

*http://mmteashop.com မှ တင်ဆက်သည်။*


http://mmteashop.com

# မာတိကာ

ကဗျာချစ်သူသို့ စကားတခွန်း

၁။ ပုဂံကျောင်းက ခေါင်းလောင်းသံ

၂။ ရွှေခြည်သံ သာလိမ့်မည်

၃။ အမိမြေ အဖမြေ

၄။ လက်ယက်တွင်းနှင့် ယမင်းပျို

၅။ မကြေးမုံတို့ရွာ

၆။ တညသဉ်

၇။ အတိတ်

၈။ ဘီယာဖန်ခွက်ထဲက မုန်တိုင်း

၉။ ဂေါဝိန်ဆိပ်ကမ်း

၁၀။ ကျူးကျော်စစ်နှင့် ကလေးငယ်များ

၁၂။ သခင်ကိုယ်တော်မှိုင်း ရာပြည့်

၁၃။ ဂျပန်ပြည်ရောက် ဆရာသို့

၁၄။ ပေါဝန်တောင်က ကိုးတောင်ကျား

၁၅။ ပန်းပွင့်လေးဆယ်

၁၆။ အဘနဲ့ အဘရွာ

http://mmteashop.com

၁၇။ ပြည်သူ့တပ်ဦးက ကလောင်

၁၈။ ဖိတ်စာ

၁၉။ ပြတိုက်အိုသို့ သွားကြစို့

၂၀။ တောကျေးလက်က အပ်ချုပ်ဆိုင်

၂၁။ မှတ်သုန်လာပြီ

၂၂။ မီးတိုင်

၂၃။ မိုးမသောက်မီ

၂၄။ အမှောင်တွင်းက သီချင်းသည်

၂၅။ ဇော်ဂျီရုပ်နှင့်သူ့သခင်

၂၆။ ကိုင်းဖြူပင်

၂၇။ အရာရှိမင်း၏ ဒုက္ခ

၂၈။ ဘောလုံးပွဲ

၂၉။ ဘဝချစ်သူ

၃၀။ နက်ဖြန်လာလမ်း

၃၁။ တံခါးမခေါက် မိုးမသောက်

၃၂။ ရွှေသမင်

၃၃။ မိုးပြဲဆည်တွင်

http://mmteashop.com

၃၄။ ကဗျာဆရာ့အိပ်မက်များ

၃၅။ သည်နေ့ကိုသာ မုန်းတော့သည်

၃၆။ ခါတော်သကြ၌န်ပွဲတည့်လေ

၃၇။ မိုးဦးပွဲတော်

၃၈။ မျက်နှာ

၃၉။ သူရသတီ ပြုံးလိမ့်မယ်

၄၀။ သာမိုင်းခန်း

၄၁။ ပေါမန္တ၏ လှပုံတော်

၄၂။ ကယားပြည်က သဇင်နီ

၄၃။ ၇၅-အရောင်များ

၄၄။ ပြိတ္တာ၏ မျက်ရည်

၄၅။ ပန်ပါစေ

၄၆။ ခေါင်းလောင်းထိုးသံ စောပါသေး

၄၇။ လက်ကျန်ဘဝတွင်

၄၈။ အချစ်ပွင့်သစ်

၄၉။ လွမ်းရုပ်ဖျောက်

၅၀။ ဂေါဝိန်တေးသံ

http://mmteashop.com

၅၁။ ခရီးကြမ်း

၅၂။ အနိရုဒ္ဓ၏ပုဂံ



http://mmteashop.com

## ကဗျာချစ်သူသို့ စကားတစ်ခွန်း

(၁)

" ပေါင်မုန့်တယှက်၊ ဝိုင်တခွက်

သစ်ရိပ်သာယာ ၊ တေးကဗျာ"

ဆိုတဲ့ စာဆိုကျော် အိုမာခယမ်ရဲ့ ကဗျာတေးတစလိုပါပဲ။

ကဗျာဟာ ထာဝစဉ် ချစ်အပ်တဲ့ချစ်သူ ၊ ဘဝတလျှောက်လုံးရဲ့ သစ္စာရှိအဖော်ကောင်းပါ။ ကဗျာနဲ့နီးထရခြင်း၊ ကဗျာနဲ့ အိပ်စက်ရခြင်းဟာ ချမ်းသာသုခတပါး ဖြစ်ပါတယ်။ ကဗျာဟာ ဘဝရဲ့ နလုံးမွေ့လျော်ဖွယ် တို့ကို ပေးအပ်ပါတယ်။

ကဗျာရဲ့ ကျေးဇူးကြောင့် ဘဝရဲ့ခါးသီးမှုဟာ ပျားရည်ပမာ ဖြစ်လာရတယ်။ လမ်းကွေ့လမ်းကောက် တွေဟာလဲ လမ်းပြေပြေ ခင်းထားသလို ဖြစ်လာရတယ်။ မိုးမှောင်ကျ နေတဲ့အချိန်မှာ အားတက်ဖွယ်ပေါ်လာတဲ့ အလင်းတန်းကလေးတခု ဖြစ်လာရတယ်။ ကဗျာရဲ့ အာနိသင်နဲ့ လောကကို ပိုင်ဆိုင်သူတစ်ဦးသဖွယ် ရဲလာရတယ်။

ကဗျာဟာ သူ့ကို ချစ်တဲ့သူတိုင်းကို လက်ချည်း ပြန်စေသူမဟုတ်။ သူ့ကို ပျူပျူငှာငှာ မိတ်ဖွဲ့လာသူတိုင်း တစ်စုံတစ်ခု လက်ဆောင်ပြန်လေ့ရှိတယ်။ သူ့လက်ဆောင်ဟာ မြတ်နိုးတတ်သလောက် အဖိုးထိုက်တယ်။

(၂)

၁၉၄၈ခု တပိုက်ဆီက ။

လွတ်လပ်ရေး ခေါင်းလောင်းသံတွေဟာ မြန်မာနိုင်ငံရဲ့ နံရံကို ပွဲတင်ရိုက်ခတ်နေဆဲ။ လုလင်ပျိုရွယ်ဖက်သို့ ခြေတလှမ်းကူးအံ့ မူးမူးမှာပဲ ကဗျာနဲ့ မွေ့လျော်စပြုခဲ့တယ်။ ကဗျာဖတ်လိုက်၊ ကဗျာစပ်လိုက် လုပ်ယင်း ပျိုရွယ်ချိန်ရဲ့ နာရီလက်တံတွေ ပေါ်မှာ

http://mmteashop.com

လျှောက်နေခဲ့တယ်။ ရွာရဲ့ကန်ဦးက ထနောင်းတောကလေး ၊ ကျောင်းတောင်ဖက်က ဝါးရုံရိပ် ၊ ဆီမီးထိန်ထိန် ဝေတဲ့ သတင်းကျွတ် လပြည့်ည ၊ မိန်းမပျိုကလေးရဲ့ ဖူးသစ်စ အလှ ၊ လွတ်လပ်ရေး ကြွေးကြော်ချက် ၊ ပြည်တွင်းစစ်ပွဲက သေနတ်သံ၊ ဖုန်းကြီးကျောင်းက စစ်ပြေးဒုက္ခသည်စခန်း ၊ ဖရိုဖရဲဘဝ ကပိုကရို ဆံပင်တွေကြားက မိန်းမပျိုကလေးရဲ့ နပျိုတဲ့ရုက်ပြုံး ၊ အမေနဲ့ သခင်ကိုယ်တော်မှိုင်း လေးချိုးများ . . . စတဲ့ ပတ်ဝန်းကျင်က ရုပ်ပုံတွေ၊ အသံတွေဟာ ကဗျာဖွဲ့ဖို့ အာရုံတွေ ဖြစ်လာကြပါတယ်။

ဒီလိုနဲ့ ကဗျာနဲ့ နေရတာ နေပျော်မိပါတယ်။ ကဗျာနဲ့ ကင်းကွာတဲ့ အခါရယ်လို့ မရှိသလောက်ပါပဲ။ ဘဝရဲ့ အဆစ်အကွေ့ ကလေးတိုင်း ကဗျာဟာ အဖော်ကောင်းအဖြစ် အမြဲပါလေ့ရှိတယ်။ နလုံးအိမ်ထဲမှာ အမြဲပွင့်နေတဲ့ ပန်းကလေးတစ်ပွင့်ပေါ့။ ကိုယ့်ဘဝရဲ့ အယ်လ်ဘမ်ကို လှန်ကြည့်လိုက်တော့ . . . မြင်းခြံခရိုင် တောင်သာမြို့နယ် ကန်မြရွာက ကျေးလက်သား ၊ မန္တလေး ရွှေရေးဆောင်တိုက် ဆရာတော် ဦးအာစာရကျောင်းက ကိုရင်၊ မိဖအိမ်မှာ အပ်ချုပ်ပညာသင်၊ ဇာတိရွာက အခမဲ့စာကြည့်တိုက်မှူး၊ သမဝါယမ သင်တန်းသား၊ ရေစကြိုအထက နဲ့ မန္တလေးတက္ကသိုလ်က ကျောင်းသား၊ ရန်ကုန်၊ မန္တလေး မြင်းခြံစတဲ့ မြို့ကြီးတွေက အလွတ်ပညာကျောင်းဆရာ၊ အစိုးရကျောင်းက အထက်တန်းပြ၊ သပြေပုံနှိပ်တိုက်နဲ့ ဖန်မီးအိမ်စာအုပ်တိုက် တည်ထောင်သူ၊ ရန်ကုန်တက္ကသိုလ် ဘာသာပြန်ဌာနက စာပြု စသဖြင့် ဘဝမျက်နှာပြင်က ရုပ်ပုံကားချပ် ကလေးတွေ ပြောင်းခဲ့တာကို တွေ့ရတယ်။ ပြောင်းခဲ့တဲ့ ကားချပ်ကလေးတွေပေါ်မှာ ထာဝစဉ် အရိပ်ထိုး နေတာကတော့ ကဗျာပါပဲ။

(၃)

ကိုယ့်နည်းတူ ကဗျာချစ်သူ တို့ဖတ်ဖို့ "ပုဂံကျောင်းက ခေါင်းလောင်းသံ" စာအုပ်ကို တင်ဆက် လိုက်ပါတယ်။ ခေါင်းလောင်းသံ တိုးပင်တိုးသော်လဲ တမျိုးသားလုံး နိုးကြားကြပါစေသတည်းလို့ ဆန္ဒပြုလိုက်ပါရစေ။

http://mmteashop.com

## ပုဂံကျောင်းက ခေါင်းလောင်းသံ

ပုဂံကျောင်းက
ရွှေဒေါင်းတောင်ကျိုး၊ ကလောင်ရိုးဖြင့်
ထိုးလိုက်ပါတဲ့ ခေါင်းလောင်းသံ။

နေရီချုပ်မိုး ၊ ခေါင်းလောင်းထိုးလည်း
ညိုးညိုးမည်သံ ၊ တိုးတိုးသံ။

ပုဂံအတိတ် ၊ ပုဂံရိပ်ကို
ကားလိပ်တင်မ ၊ ပွဲခင်းပြသို့
ကြွပါကြည့်ပါ ၊ ဆင်ခြင်ပါဟု
ပြလာသေးဟန် ၊ ရှေးပုဂံ။


တိုးတိုးမြည်ဟန် ၊ ခေါင်းလောင်းသံကား
ပုဂံနိမိတ် ၊ ပုဂံစိတ်ဟု
စိတ်နေမြင့်မြတ် ၊ စိတ်ဓာတ်မြင့်မား
စိတ်ထားမြင့်မို ၊ စိတ်လိုမြင့်မာန်
စည်ကြီးသံ။

ပုဂံတရား ၊ ပုဂံသားတို့
တရားကိုချစ် ၊ ဓားကိုချစ်ခဲ့
အသစ်တည်ထောင် ၊ နိုင်ငံအောင်ဖို့
ရွက်ဆောင်ခဲ့ကြ အားနှင့်မာန်။

http://mmteashop.com

ပုဂံကျောင်း၏
တောင်စောင်းတောင်ထိပ် ၊ စေတီရိပ်က
တိုးတိတ်ညင်သာ ၊ ထိုးခတ်လာသော
ကဗျာငြိမ့်ညောင်း ၊ ဤခေါင်းလောင်းကြောင့်
ကောင်းမှုတွေနိုး ၊ ကောင်းမျိုးတွေဝေ
ကောင်းစေစိတ်သန် ၊ အဓိဋ္ဌာန်။

ဆွံ့သူကြား၍
ကြားသူလမ်းမြင် ၊ မြင်သူရှေ့တိုး
အားလုံးနိုးဖို့
ထိုးလိုက်ပါတဲ့ ခေါင်းလောင်းသံ။



http://mmteashop.com

## ရွှေခြူသံသာပါလိမ့်မည်

ခရီးပြင်စ ၊ လှည်းကို က သော်
ရွှေလအနောက် စောင်းချေပြီ။
မကြာမီပင် ၊ ရွှေလဝင်လိမ့်။

ရွှေလငွေစင် ၊ ဝါကြင်ကြင်လည်း
သစ်ပင်ပေါ်၌ ၊ မေးတင်ခိုက်မို့
ဒုန်းရိုက်မောင်းရတော့မည်ကို။

အမှောင်တွင်း၌
ချောက်ကျင်းကုန်းခင် ၊ တို့မမြင်က
လှည်းယာဉ်မှောက်လိမ့်-လမ်းပျောက်လိမ့်။

လမဝင်မီ
နင်တံကိုမြှောက် ၊ နွားကိုငေါက်ခိုက်
မိုးသောက်ရောင်နီ မြင်ခဲ့ပြီ။

ရွှေလမင်းပျောက် ၊ အမှောင်ဖေါက်ခဲ့
ဖောက်သည့်အမှောင် ၊ မိုးသောက်ရောင်ကြောင့်
တောင်ပေါ်မှဆင်း ၊ တောကိုနင်းလျက်
အတင်းထွက်ပြေး သွားလေပြီ။

မိုးသောက်ဦးတွင်
မြူးမြူးရွှင်ရွှင် ၊ တို့လှည်းယဉ်ကား
မြို့ဝင်ခြူသံ သာပါလိမ့်။

၅-၁-၇၇

http://mmteashop.com

## အမိမြေ အဖမြေ

ရှင်မတောင် တောင်ညိုရိပ်
ထန်းညိုရိပ် တဝေဝေ။

ယုန်လိုက်သံ တောသံဟစ်
ကျောက်စရစ်မြေ။

တောလမ်းက ကွေ့ကာခွေ
တောခြေက ကောက်ကာကွေ့။

လှည်းတန်းတအီအီနဲ့
မြေနီနီတမာတန်း
လွမ်း၍မမေ့။

မှန်ညင်းက အမေ့ရွာ။
အဖေ့ရွာ မြေဖြူကျေး
သွေးချင်းများစွာ။

ထန်းလျက်ခဲရယ်နဲ့
မြေပဲလှော်တဆုပ်စာ
မာပါစ နှုတ်ခွန်း။

မြေဖြူရွာ ကြာကန်၌
ရွာသံအလွန်စည်တဲ့
ညနေရီ ရေချိုးခပ်ချိန်ဖြင့်
လွမ်းတတ်လို့လွမ်း။
ချင်းတွင်းမြစ်ကမ်းပေါ်တွင်။
ရေစကြို နေညိုညို့မြို့ကစည်ပင်။

http://mmteashop.com

မြို့ဆိပ်ကမ်း မော်တော်ဝင်
မြစ်ပြင်က မြသင်ဖျူး။

ကမ်းပေါ်မှာ ဖောင်တော်ဦး
မြို့ဝက်ကဖူး။
အမိမြေ အဖမြေ။

လက်ယက်မ လင်းကတော
သာမောသည့် မအူတခို
ရေစကြိုနယ်အစုံ၌
ဆွေစုံမျိုးစုံတင့်
ပန်းပွင့်သို့ဝေ။

နံ့သာမြေ ဌာနေကျောင်းဆီက
ဖြည့်လောင်းခဲ့ ပညာရေ
ချိုပေစွတကား။

ချစ်သောနံ့သာမြေ၏
ကျေးရွာတွေ အာရုံပြုပါခဲ့
နယ်မြေမှာ ကြွယ်စေသမှုငဲ့ပြင်
ဖေယျတု လိုရာအောင်လို့
ရှင်မတောင် ရန့်မွှေးသည့်နယ်
မွှေးကြစေသား။

နံ့သာမြေမဂ္ဂဇင်း
၁၉၇၅။

http://mmteashop.com

## အမိမြေ အဖမြေ

ရှင်မတောင် တောင်ညိုရိပ်
ထန်းညိုရိပ် တဝေဝေ။

ယုန်လိုက်သံ တောသံဟစ်
ကျောက်စရစ်မြေ။

တောလမ်းက ကွေ့ကာခွေ
တောခြေက ကောက်ကာကွေ့။

လှည်းတန်းတအီအီနဲ့
မြေနီနီတမာတန်း
လွမ်း၍မမေ့။

မုန်ညင်းက အမေ့ရွာ။
အဖေ့ရွာ မြေဖြူကျေး
သွေးချင်းများစွာ။

ထန်းလျက်ခဲရယ်နဲ့
မြေပဲလှော်တဆုပ်စာ
မာပါစ နှုတ်ခွန်း။

မြေဖြူရွာ ကြာကန်၌
ရွာသံအလွန်စည်တဲ့
ညနေရီ ရေချိုးခပ်ချိန်ဖြင့်
လွမ်းတတ်လို့လွမ်း။

ချင်းတွင်းမြစ်ကမ်းပေါ်တွင်။

http://mmteashop.com

ရေစကြို နေညိုညို
မြို့ကစည်ပင်။

မြို့ဆိပ်ကမ်း မော်တော်ဝင်
မြစ်ပြင်က မြသင်ဖျူး။

ကမ်းပေါ်မှာ ဖောင်တော်ဦး
မြို့ဝက်ကဖူး။
အမိမြေ အဖမြေ။

လက်ယက်မ လင်းကတော
သာမောသည့် မအူတခို
ရေစကြိုနယ်အစုံ၌
ဆွေစုံမျိုးစုံတင့်
ပန်းပွင့်သို့ဝေ။

နံ့သာမြေ ဌာနေကျောင်းဆီက
ဖြည့်လောင်းခဲ့ ပညာရေ
ချိုပေစွတကား။

ချစ်သောနံ့သာမြေ၏
ကျေးရွာတွေ အာရုံပြုပါခဲ့
နယ်မြေမှာ ကြွယ်စေသမှုငဲ့ပြင်
ဖေယျတု လိုရာအောင်လို့
ရှင်မတောင် ရန့်မွှေးသည့်နယ်
မွှေးကြစေသား။

နံ့သာမြေမဂ္ဂဇင်း
၁၉၇၅။

http://mmteashop.com

## လက်ယက်တွင်းနှင့် ယမင်းပျို

ရေစပ်သဲစပ် ၊ အမြဲခပ်သည့်
သနပ်ခါးကြူ ၊ မပျိုဖြူ။

လက်နှင့်ယက်လည်း
မထွက်စမ်းရေ ၊ ခန်းပါလေပြီ။

ခန်းပင်ခန်းလည်း
စမ်းရေရနိုး ၊ သောက်ရေအိုးနှင့်
မိုးချုပ်နေဝင် ၊ ယက်မည်ပင်။

တခါတလေ
စမ်းရေမြမြ ၊ နှစ်မြုနှင့်မျှ
အိမ်ပြန်ရခဲ့။


အိုးပြည့်မရ ၊ ဟိုး . . နေ့ကလည်း
ရိုးကွေ့ကကျော် ၊ တာရိုးပေါ်က
အဖော်တွေနှင့် ပြန်ခဲ့၏။

အခွင့်သာသော်
ဟိုရွာကခပ် ၊ သည်ကခပ်နှင့်
မပြတ်သွင်သွင် ၊ စမ်းရေရှင်။

ထိုခါတွင်လည်း
ဘောင်ဘင်ခတ်အိုး ၊ သစ်ရွက်ထိုးလျက်
ကိုးခေါက်ဆယ်ခေါက် ၊ ရေခပ်ရောက်သည်
နေပျောက်သည်ထိ ၊ လထွက်ထိ။

http://mmteashop.com

နမငယ်ကား
ချောင်းကျယ်သဲခင်း ၊ လက်ယက်တွင်း၌
သီချင်းချိုမြ ၊ ပန်းညိုလှနှင့်
မရလည်းခပ် ၊ ရလည်းခပ်၏။



တောစပ်ကပန်း ၊ ချောင်းကစမ်းနှင့်
ကမ်းပါးကကိုင်း ၊ ကိုင်းက ဖျိုင်းနှင့်
သစ်ကိုင်းက ဂျိုး ၊ မယ်ကအိုးနှင့်
ပြည့်နိုးပြည့်နိုး ၊ တောကျိုးလည်း
ညှိုးသည်မရှိ ၊ အိုးအသိ။

အိုးပြည့်လောင်းလည်း
ညောင်းသည်မရှိ ၊ ချောင်းအသိ။

ငွေတာရီ မဂ္ဂဇင်း

http://mmteashop.com

## မကြေးမုံတို့ရွာ

(၁)
ဖိုးလမင်းကြီး ထိန်ထိန်သာ
မကြေးမုံတို့ရွာ။
ရွာနောက်ဖျားက မောင်းသံကြား
မကြေးမုံတို့လား။
မကြေးမုံ မှုန်နွဲ့နှောင်းငယ်
ပြောင်းရိုးအူ ဖြူနားရွှောင်းနဲ့
မောင်းထောင်းသနဲ့ - ထောင်းသနဲ့။

(၂)
ဖိုးလမင်းကြီး တထိန်ထိန်
မကြေးမုံတို့အိမ်။
အိမ်နောက်စင်နား ခြေသံကြား
ကာလသားတို့လား။
ကာလသား လူမိုက်ခေါင်း
မကြေးမုံ မှုန်နွဲ့နှောင်းကို
လာချောင်းသနဲ့ - ချောင်းသနဲ့။

(၃)
ဖိုးလမင်းကြီး ထိန်ထိန်ဝေ
မကြေးမုံတို့မြေ။
မြေအစပ်နား ၊ အူသံကြား
တောခွေးအာ တို့လား။

တောခွေးအာ အူသံညောင်း

http://mmteashop.com

မကြေးမုံ မှုန်နွဲ့နှောင်းငယ်
သွေးကောင်းသနဲ့ - ကောင်းသနဲ့။
ဓားတောင်းသနဲ့ - တောင်းသနဲ့။

(၄)

ကိုရင်တို့ရွာ ပြောင်းဖူးတော
စည်ပြောသံ သာသလေလေ့။
စပါးဖျာ စာယက်တော့
ငှက်ခြောက်သံသာသလေလေ့။
မကြေးမုံ ကြက်တောင်စည်းနဲ့
ထုပ်ဆီးသံ သာသလေလေ့။
ပဲစဉ်းငုံ နှမ်းပုံကြား
ဝါးသံက သာသလေလေ့။
နှမ်းပင်ကထောင် စည်းကြက်တောင်ဟော့
ကိုရင်ကလှောင် ဘေးကပြောင်
နှမ်းပင်ခေါင်ဖျား ထိမလား။
သနပ်ခါးက ပါးကွက်ကျား
ပဲကြီးဟင်းလား ပဲဟင်းလား
ကစားသံ သာသလေလေ့။
သာယာပါရဲ့ ရွာကလေး
လရောင်ကဖွေး ပန်းကမွှေး။

(၅)

ဂျက်ကလိန်ရှောင်းဂျင်း ၊ ပြောင်းတတင်း
မောင်းနှင်းနေတဲ့ မကြေးမုံ။
အစိမ်းကွက်ဆန်း ၊ ဂိုမ်ရက္ကန်း

http://mmteashop.com

ချိန်းရက်မှန်းတဲ့ မကြေးမုံ။

ဖူးတစင်နွဲ့ ၊ ရူးချင်ရှဲ
အဖူးမြင်တဲ့ မကြေးမုံ။
ကိုင်းပင်အကြား ၊ ဖျိုင်းဝင်နား
ဗိုင်းငင်သွားတဲ့ မကြေးမုံ။
ထနောင်းပင်မိုး ၊ ချောင်းခွင်ရိုး
ခေါင်းတင်အိုးနဲ့ မကြေးမုံ။
နေ့မှာယာခင်း ၊ ညခါတွင်း
ဝါပခြင်းနှင့် မကြေးမုံ။
သီချင်းတပုဒ် ၊ ထင်းတခုတ်
ယမင်းရုပ်ကလေး မကြေးမုံ။
မိဖဆုံးမ ၊ နလုံးလှ
မမုန်းကြတဲ့ မကြေးမုံ။
အလိမ်မာကဲ ၊ ရွာဆွဲလွဲ
နံ့သာခဲကလေး မကြေးမုံ။
မကြေးမုံလာတဲ့လမ်း
မွှေးထုံတဲ့ပန်း။

(၆)

မကြေးမုံအရွယ်ရောက်
လူပျိုပေါက် တို့ကိုရင်
ရက်စိတ်တွေဝင်။
ယာခင်းကိုတင်
လှည်းယာဉ်က တပြေး။
လူကြီးတွေ စုံရာနဲ့

http://mmteashop.com

မင်္ဂလာခန်းဝင် နှင်းပွဲမယ်
ငြင်းပါနဲ့လေး။

ဆီးချုံမှာ
မီးလုံးဖို့မွေး
ထန်းပင်မြစ်ကယ်နဲ့
ကြင်ချစ်သူ ကိုယ်ငွေ့နွေး
မီးဖုတ်လို့ကျွေး။
သရဖီ
တောဆီက ဝင်း
မကြေးမုံ ပန်တဲ့ပန်း
လမ်းမကသင်း။
ကြေးနီတောင် အထက်နားက
မိုးသားကလေး မညို့တညို
လေချိုကဖျန်း။
မကြေးမုံ ကောက်စိုက်သွား
အားတက်ဖွယ်လမ်း။
ယာထဲကိုဝင်
လယ်ပြင်သို့သွား
သူ့ရွာကို သူဖန်ဆင်း
ပျင်းပွဲမလား။

(၃-၈-၇၀ နေ့မှာ ရေး၍ ၁၆-၁၂-၇၆ မှာပြီးသည်။)

http://mmteashop.com


## တညသဉ္ဈ

မလှတလှနဲ့
ညတညရဲ့
မြနင်းဆီ ရင်ပြင်ပေါ်မှာ
မပျော့တပျော် မှေးတခဏ
ကလေးဘဝ လွမ်းမိတယ်။

ကျားလျှာချို ဆူးချုံနိမိတ်
ဆီးချိုရိပ် တလင်းသာမှာ
ငြင်းကာ ခုန်ကာ မောင်နမ
ပြောင်စလိုက် ရန်ဖြစ်လိုက်
ကုန်းကိုက်လို့ အမေ့တိုင်
မနိုင် နိုင်ရာမဲလို့
ခွေးဝဲစား ကန်ချင်ကန်
ရန်စဲယင် ပြန်ခေါ်လို့
ပျော်ပျော်ပင်ဆို သီချင်းတွေနဲ့
အမေ့ကို နိပ်နယ်နင်းကြ
မောင်ရင်း နမငယ်။

နောင်အခါ မောင်ဘာဖြစ်မှာလဲ
စိတ်ညစ်ဖွယ် နောင်အရေးကိုဖြင့်
မတွေးပေါင် တို့မောင်နမ
မိဖရဲ့အရိပ်ဝယ်
ရယ်သံကလျှံဆဲ။

http://mmteashop.com



စစ်မီးတွေလောင်
ပစ္စည်းတွေ အကုန်ပြောင်ရော့
ဟိုရှောင် သည်ရှောင် ပုန်းယင်း
အရွယ်န ဆယ်စုနှစ်တွေပြုန်းယင်း
အမေရယ် အဖေဆုံးတော့
ပခုံးပေါ် ဝန်ကိုယ်စီနဲ့
ကသီကရီ မနိုင့်တနိုင် ထမ်းပါလို့
ဘဝတခွင် အလှအယဉ် မလွမ်းနိုင်ဘု
လခြမ်းလေ့ကမှောက်
မြစမ်းရေကနောက်
အကောက်တွေ အကွေ့တွေ ရာထောင်နဲ့
အမှောင် သန်းခေါင်ညတွေကြောင့်
ဘဝ မညီဘဲဟာမို့
တစစီကွဲ။

ရှုမဝ
(၁၄-၁၂-၇၃ ၂၇-၅-၇၅)

http://mmteashop.com

## အတိတ်

နှင်းဆီပွင့်ခြောက် ၊ လိုက်လံကောက်ပြီး
ပြောင်မွမ်းဆင်တပ် ၊ ကဗျာစပ်သတဲ့။
သစ်ရွက်ကြွေများ ၊ လမ်းသလားပုံ
တေးသွားငိုမဲ့ ၊ ဂီတဖွဲ့သတဲ့။
သစ်ပင်ရိုးတံ ၊ ငိုကြွေးဟန်ကို
အသံကိုကြား ၊ နား၌ထင်အောင်
ဆေးမင်ခဲနဲ့ ၊ ပန်းချီဆွဲသတဲ့။

အလွမ်းအိပ်မက် ၊ တဝက်တပြက်
ဆက်ကာ ဆက်ကာ ၊ မက်ရာရာတွင်
တခါတုန်းက ၊ ပျက်ကြွေရသည့်
ဘဝတဆစ် ၊ တစ္ဆေဖြစ်လျက်
အသစ်ကိုမုန်း ၊ မရော်ရမ်းအောင်
လမ်းခုလတ်က ခြောက်လှန့်၏။
လာမည့်တခေတ် ၊ ကဗျာသစ်ကို-
လာမည့်တခေတ် ၊ ဂီတသစ်ကို-
လာမည့်တခေတ် ၊ ပန်းချီသစ်ကို-
ထစ်ချုန်းမိုးသံ ၊ ပွဲတင်လျှံအောင်
ဖန်တီးလေလော့ ၊ အို . . လက်များ။

၁၇-၁-၇၂။
ပန်းတင်လှေ
(ဆေးတက္ကသိုလ် ၁)

http://mmteashop.com

## ဘီယာဖန်ခွက်ထဲက မုန်တိုင်း

(၁)

ဖန်ခွက်ပြာပြာ ၊ ဘီယာလဲ့လဲ့
တခွက်ငဲ့လော့။
သီချင်းစက်က
ငြိမ့်ညက်တေးသံ ၊ မိုးစက်သံနှင့်
ကာရန်တဖြတ် ၊ တို့အတတ်နှင့်
ဝါးလက်တစည်း ၊ စိတ်နှင့်မြည်းစဉ်
ကားကြီးဝေါဝေါ ၊ ရောင်စုံတော၌
မောဟတရစ် ၊ လောဘတဆစ်
သောကဖြစ်ယင်း
အချစ်မဟုတ် ၊ အရုပ်လှလှ
မိန်းမအိပ်မက် ၊ ကားအိပ်မက်နှင့်
ရှုပ်ရှက်ခတ်မျှ ၊ ငြိမ်မရတည့်။
ငဲ့လော့ဘီယာ ၊ ဖန်ခွက်ပြာတွင်
လာလော့တသင်း ၊ ဆိုသီချင်းနှင့်
လည်ပင်းဖက်စို့ ၊ မေ့ကြစို့။

(၂)

ကျောင်းနေဖက်တို့
အထက်ရောက်သူ ၊ အောက်ကျသူနှင့်
သေသူ သေကြ
တချို့ကလည်း ၊ အာဂဇာနည်
တချို့သည်လည်း
ထွီချင်စရာ ၊ သစ္စာမဲ့များ -

http://mmteashop.com

အစားစားတည့် ၊ များပြား၏။
ကျောင်းသားတုန်းက
နောက်ဆုံး ခုံတန်း -
ယခုသော်ကား
ရှေ့ဖျားခုံတန်း ၊ ရုံးတခန်း။
ပန်းကုံးစွပ်၍
ဦးညွတ်ခံရ ၊ ထိုဘဝမှ
နိမ့်ကျယုတ်လျော့ ၊ ဖုံသောသောတွင်
ခေါစာခွက်နှင့် ၊ အပက်ခံရ
ဤဘဝ။
တပ်လှန့်နှိုးဆော် ၊ သံကုန်အော်၍
ကြွေးကြော်သံတိုင် ၊ အောင်လံကိုင်တို့
မှိုင်သူကမှိုင် ၊ ထိုင်သူကထိုင်နှင့်။
သံတိုင်ခဲ့ရ ၊ ငယ်ကာလကို
ရက်စွမ်းစွ ၊ သံဝေဂဖြင့်
ကြီးမှလိမ်မာ ၊ ကိုယ်ကျိုးရှာပြီ
ငါကျိုးမပျက် ၊ ငါမလုပ် - တဲ့။

ကျောင်းမှာတုန်းက
ပြုံးလား ပျော်လား ၊ ပေါးဝါးလားနှင့်
လတ်ယား လတ်ယား ၊ ပွဲတိုင်းသွားလျက်
စကားဖောင်ဖွဲ့ ၊ လူဖောင်ဖွဲ့ကာ
နေခဲ့သူ
လူ့လောကတွင် ၊ ရွက်ကျတပင်
ကျရာရှင်ဆဲ
ယခင်လိုပဲ ၊ သူပျော်မြဲ။

http://mmteashop.com

ဟိုဟာကိုမှန်း ၊ သည်ဟာလွမ်းနှင့်
တက်လမ်းတိုးလိုက် ၊ စိတ်ညှိုးလိုက်နှင့်
စိတ်အိုက်စရာ ၊ သူမပါချေ။
ကျရာမြိန်မြိန် ၊ ကြိမ်ရာပျော်ပျော်
သြော်တအည်းအည်း ၊ ငါ့ကံနည်းဟု
မညည်းမညူ ၊ မပူမဆာ
အနာမရ ၊ သူ့ဘဝ။
စကားနဲနဲ ၊ အသားမဲနှင့်
ဝိုင်းထဲငုတ်တုတ် ၊ မလှုပ်တလှုပ်
ဟုတ်ကဲ့လေးလေး ၊ ခပ်အေးအေးနှင့်
ဆေးလိပ်ကိုသာ ၊ တွင်တွင်ဖွာလျက်
နေရှာတတ်သူ ၊ ရောင်းရင်းမူကား
မဟူရာပြင် ၊ မြကောင်းကင်က
ကြယ်စင်ပမာ ၊ ကြွေခဲ့ရှာပြီ
အာဇာနည်တို့ ၊ လမ်းဆီသို့ ။

(၃)

ဘီယာတခွက် ၊ ငါ့ဖန်ခွက်တွင်
မျက်နှာများစွာ ၊ ပေါ်၍လာခဲ့။
ငါ၏စည်းစိမ် ၊ ငါ၏အိမ်တွင်
ငါမြိန်နေတုန်း ၊ ငါ့နလုံး၌
"ရှုံးပြီ . . . ရှုံးပြီ ၊ ငါ ရှုံးပြီ" တဲ့။
ပီပီသသ ၊ ကြားလိုက်ရလည်း
နားကမရဲ ၊ မျက်နှာလွှဲမိ။
သည်ဝဲမှာပျော် ၊ သည်မော်မှာတိုး

http://mmteashop.com

ဇက်လည်းကျိုးပြီ
မနီးကြားနိုင်တော့ပြီတည်း။
ဖန်ခွက်ပြာတွင်
ဘီယာလဲ့လဲ့ ၊ ထပ်၍ငှဲ့လော့။
ငှဲ့လေတော့။

ဆေးတက္ကသိုလ် ၂ မဂ္ဂဇင်း နှစ်လည် စာစောင်
(၂၄-၉-၇၂ မှ ၁၁-၃-၇၃)



http://mmteashop.com

## ဂေါဝိန်ဆိပ်ကမ်း

နေမှိန်မှိန်ဝယ်
ဂေါဝိန်ဆိပ်ကမ်း ၊ သာစခန်းသို့
လမ်းလျှောက်ခဏ ထွက်ရအောင်။

နေလုံးနီလည်း
ရီရာကရွှေ ၊ ရွှေရာကနီ
နီရာကရဲ ၊ ရဲရာခဲတည့်
ခဲသားပိန်းပိတ် ၊ အို . . . မြစ်ဆိပ်။

စစ်ကိုင်းတောင်လည်း
ဖျိုင်းရောင်လျှောကျ ၊ စိမ်းညိုမြတွင်
ညလျှပ်စစ်မီး ၊ ကြယ်မီးသီးနှင့်
နီးသလိုလို ၊ ဝေးသလို။

မင်းဝံတောင်ရိုး ၊ စိတ်နှင့်ခိုး၍
ပန်းချီးမိသေး ၊ မေ့ကိုပေး။

မင်းဝံရွှေတောင် ၊ လဲမရှောင်ဟု
မောင်၏ချစ်ပန်း ၊ မညှိုးနွမ်းကြောင်း
ရွှေကျမ်းသစ္စာ ဆိုခဲ့ပြီ။

အညာဝါးဖောင် ၊ ယောင်တောင်တောင်နှင့်
သောင်ပြင်ဦးထိပ် ၊ လက်ပံဆိပ်၌
ညဥ့်အိပ်လိမ့်မည် ၊ ထင်မိသည်။

လှေကလေးလည်း
မန္တလေးက ၊ ဈေးပြန်လားလေ

http://mmteashop.com

ကျွန်းသောင်မြေက ရွာခြေကမ်းနိမ့်
ကပ်ပါလိမ့်။

ကူးတို့သဘော် ၊ ရောကြော၌
မောခဲ့သမျှ ၊ နားချင်လှ၏။
ကျောက်ချပါလေ ၊ ဆိပ်ခံမြေ။

ငှက်ပျံမတတ် ၊ လှေကိုခတ်၍
ဘယ်ရပ်ကိုလှမ်း ၊ ဘယ်ကမ်းကိုရည်
မသိပြီတည့်
စည်ဘိသည်လည်း ၊ ဂေါဝိန်ဆိပ်ကမ်း။

စက်လှေမော်တော် ၊ တဘော်ဘော်နှင့်
လူခေါ်ကုန်ချ ၊ မနားရတည့်
အလှတမျိုး ၊ ပေတကား။
မလှုပ်တလှုပ် ၊ ကျွဲတအုပ်လည်း
ခဲပုပ်တမျှ ၊ မဲကြုတ်လှ၏
ရန်းရဆွဲရ သစ်လုံးစ။

ကမ်းနားဈေး၌
ခွေးတကောင်စ ၊ နစ်ကောင်စတို့
နေ့ကစားကျန် ၊ အနံ့ခံလျက်
အိုးလှန်ခွက်လှန် ၊ ရိုက်နက်သံနှင့်
ငေါက်သံတွေကြား ၊ ဆိုင်အနား။

အလုပ်သမား ၊ ခဏနားဖို့
တန်းလျားခုံထက် ၊ မြစ်ပြင်ဖက်သို့
ငေးလျက် တွေးလျက် ၊ ကြွေးအိပ်မက်။

http://mmteashop.com

ကားပြောင်ယယ်နှင့်
မောင်မယ်စုံတွဲ ၊ နေဝင်ဆဲတွင်
ညပွဲဆည်းဆာ ၊ ရှုခင်းသာကြောင့်
ငေးကာမြစ်ဆီ ၊ မေးရီရီနှင့်
ကြံ့ရည်တခွက် ၊ မှာသောက်လျက်။

ဤဂေါဝိန်ဆိပ်ကား
အိပ်ချင်မူးတူး ၊ အမှောင်ကူးပြီ
ချစ်ဦးပြန်စို့ ၊ အိမ်ဆီသို့။

အိမ်ကိုပြန်၍
မှန်အိမ်ထွန်းညှိ ၊ မျက်နှာကြည်လျက်
ပီတိပျှိုပျှို ၊ ပြုံးကြစို့။
နောက်ညနေချမ်း ၊ ဆည်းဆာဖြန်းသော်
ဂေါဝိန်ကမ်းနား ၊ တခေါက်သွား၍
စကားလက်စုံ ပြောကြစို့။

ငွေတာရီမဂ္ဂဇင်း
(၁၉၆၃ ခု မတ်လအတွင်းက ရေးခဲ့သည်။
၁-၃-၇၃ တွင် ပြန်လည်ရေးသားသည်။)

http://mmteashop.com

## ကျူးကျော်စစ်နှင့် ကလေးငယ်များ

ပွင့်ဦးပွင့်စ ၊ လူ့ဘဝကို
စစ်ညမှောက်မိုက် ၊ လေပြင်းရိုက်လျက်
သီးကင်းဖြိုက်ဖြိုက်ချွေခဲ့ပြီ။
ကျူးကျော်သူများ ၊ သေနတ်ဖျား၌
သွေးများလူးကာ ၊ စစ်သွေးဆာစဉ်
ပြစ်မြူစင်ကြယ် ၊ လူမမယ်တို့
လမ်းလယ်ပြေးလွှား ၊ ဆော့ကစားခိုက်
ဝါးပင်အနီး ၊ သူရဲစီးလျက်
ကျည်မီးဝင်းဝင်း ပွင့်သတည်း။

ညီငယ်လေးကို
ပိုက်ထွေးလက်ယှက် ၊ အတင်းဖက်၍
ကျည်ချက်မှာကွယ် ၊ အကိုငယ်လည်း
လမ်းလယ်၌ပင် ၊ သေပွဲဝင်၏။

ကျူးကျော်စစ်ကား
မျိုးသစ်မျိုးဆက် ၊ ညွှန့်မထွက်အောင်
ရက်ရက်စက်စက် ချေမှုန်း၏။
ကလေးသူငယ် ၊ လူမမယ်ဟု
လူ့နွယ်မျိုးဆက် ၊ သွေးစက်စက်ကား
ဖျက်တိုင်းမပြုန်း ၊ မှုန်းတိုင်းမကြေ
တဝေဝေနှင့်
တက်နေခြည်မှာ လန်းမည်တကား။ ။

ရှုဒေါင့်ဂျာနယ်
(၁၉-၅-၇၀)

http://mmteashop.com

## အညာကျေး

ဖုံနှင့်ဖွေးဖွေး ၊ အညာကျေးကား
ဟိုးရှေးတုန်းက မြင်ကွင်းလို။

ပြဿဒ်ပမာ ၊ ပဒုမ္မာလည်း
ရှာ၏စည်းရိုး ၊ အိမ်စည်းရိုး၌
မိုးတိုးမတ်တတ် ၊ အမြဲရပ်။

ရေကြည်ကရှား ၊ မိုးကပါးလည်း
ရှားပင်ညိုမြ ၊ တောလိုထလျက်
အာဂစိတ်ဓာတ် ၊ ခါးတံမတ်နှင့်
မီးခတ်တိုင်းတောက် ၊ အင်ကြင်းကျောက်သို့
ယောက်ျားဘသား ၊ အညာဖွား။

မန်ကျည်းတောလည်း
ဟောဟဲလိုက်သူ ၊ မောဟိုက်သူတို့
နေပူကိုဖျောက် ၊ အရိပ်ဆောက်ဖို့
ချောင်းကောက်နဖူး ၊ သဲဖြူးဖြူးနှင့်
ဖူးလိုက်ပွင့်လိုက် ၊ ရှက်နကိုက်။

တောစပ်နားတွင်
ခြင်းယား တချို ၊ ခံတချိုနှင့်
ကင်းပုံတသီး ၊ ကျီးအာသီး။

တမာပင်လမ်း ၊ မြစောင်တန်းလည်း
လေကြမ်းအတိုက် ၊ တဖြိုက်ဖြိုက်နှင့်
ပိုက်ကာကြွေဆင်း ၊ ရွှေလိုဝင်း။

http://mmteashop.com

လှည်းသံအီအီ ၊ မြူရီရီနှင့်
ဖုံနီလုံးလုံး ၊ ဆူးရစ်ကုန်းတွင်
ရှန်းဟာ ယက်ဟာ ၊ သဲတောမ။

မျက်ခမ်းစပ်စပ် ၊ လျှော်ဖိနပ်နှင့်
တန်လုပ်ရိပ်ရိပ် ၊ ဆီးပင်ရိပ်တွင်
ဆိတ်ကျောင်းသမား -
ဆီးသီးကောက်၍ ဖြောက်ဖြောက်ဝါး။

သစ်ပင်ပုပျပ် ၊ လူပုပျပ်နှင့်
ရေငတ် စာငတ် ၊ ပညာငတ်ဟု
အငတ်သုံးပါး ၊ ကပ်ဆိုက်ငြားလည်း
ရှားနှစ်ခဲသို့ ရဲသကို။

ခေတ်ကနိပ်စက် ၊ နွေနိပ်စက်နှင့်
မိုးကနိပ်စက် ၊ လေနိပ်စက်နှင့်
နိပ်စက်သမျှ ၊ ခံခဲ့ရလည်း
ခံရမှန်းမသိ ၊ ငုံးတိတိပင်
သား၏မြေး၏ လက်ထက်ထိ။

ရှေးကဆင်းရဲ ၊ ခုလည်းမွဲလျက်
သည်ဝဲမကျွတ် ၊ သည်ဝဋ်မပြေ
နွေတစခန်း ၊ ရေတွင်းကန်းနှင့်
ရွာလမ်းမပြောင်း ၊ လှည်းကိုမောင်းသည်
ဖုံထောင်းထောင်းနှင့် ပါပေတကား။ ။

ရှုမဝ
(၁၄-၂-၇၂ မှ ၂၃-၂-၇၃)

http://mmteashop.com

## သခင်ကိုယ်တော်မှိုင်း ရာပြည့်

သမိုင်းမဟာတကွေ့
မှိုင်းရာပြည့်ကိုလ
ကိုင်းလာပေ့ သွားရအောင်။

ကောင်းမျိုးတွေ ချွန်စေစောပါလို့
ဒေါင်းအိုးဝေ တွန်စေသောရယ်နဲ့
အောင်ဩဘာ အောင်သံချီလို့
နောင်သောအခါ အောင်လံနီနဲ့
အောင်မြန်ပြည် သာမဲ့တိုင်းရယ်လို့
မဟာကဗျာ စာဘာဝနာကသိုဏ်းရယ်နဲ့
ကိုင်းလဟဲ့ ကိုင်းလဟဲ့နဲ့
ဝိုင်းသနဲ့ ကောင်းအောင်နော်ကွယ်
(ဆရာနိုး . . ရေ . . )
မှိုင်းရဲ့ ဒေါင်းတောင်။

အဖိုးအို မဟာကဝိမှာဖြင့်
အမျိုးကို လာမထိလေနဲ့
မြန်မာပြည့် ထီးအခေါင်
စနည်းတဘောင်တွေနဲ့ ကဗျာထိုထိုခရီး
တညီးညီး တပြောင်ပြောင်နဲ့
မီးတန်ဆောင်ဆိုတဲ့ မဟာစာဆိုကြီး။

ကျွန်ဇာတ်တွင်
ရှုံတတ်တယ် မပါချင်ဘူးတဲ့
မွန်မြတ်တယ် ဆရာမထင်လို့
အညာတခွင် ယင်းအနီ့ ဟိုစဉ်စစ်ကိုင်းဆီက
ဆရာအရှင် မင်းရှိ့ - ကိုရင်မှိုင်းမှာဖြင့်

http://mmteashop.com


လျှိုမြင်တိုင်းမှာ ဗိုလ်ဝင်ခံလို့
ဗဟိုပလ္လင်ပျံ မြန်မာအစဉ်အလာသဘောကိုလ
ရာဇဝင်ကထာ ဆရာမြင်ရာပဟောနေကျ
တလောတခါညီမှ
အစောမကြာမီပေါ်
မြန်မာပြည် သာမည်အကြောင်းပေပ
ဘာမထီ ဇာနည်အပေါင်းတို့ရဲ့
သောင်းသောင်းဖြဖြနဲ့
ထောင်လမောင်း ထရော့လဟဲ့လို့
အကြောင်းပြခဲ့ကြတဲ့ မြန်မာ့တံခွန်ထီးပေမို့
ကျောင်းပထမဆီက
အပေါင်းလုကြမဲ့အစ အမွန်ခရီးပေထင့်
(အို . . ကိုရင်စွမ်းရဲ့ . . . )
တပေါင်းလကစပြီး
ဒေါင်းကဈ် တွန်စေသတည်း။

မိုးဝေ
၁၉၇၆ ခု၊ ဇူလိုင်

http://mmteashop.com

## ဂျပန်ပြည်ရောက် ဆရာသို့

ပုံသံ မောင်းသံ ၊ အိုးစည်သံနှင့်
ဝေးလံလှစွာ ၊ ရပ်ကိုခွာသည်
ဆရာချိုမြ ၊ အိုအဘ။



ပိတောက်ပန်းတို့
နှစ်ဆန်းခါမီ ၊ ပွင့်တံချီစဉ်
ချယ်ရီပွင့်ကြား ၊ နှင်းတောင်နား၌
ဝါးဝါးဝေဝေ ၊ လွမ်းပန်းကြွေလိမ့်။

မှုန်ဝေမှုန်ဝါး ၊ နှင်းမှုန်သား၌
ပုပ္ပါးရိပ်ကို ၊ မြင်မိသလို။

ပန်းရောင်နကြား ၊ ရွှေရောင်လွှားလျက်
စကားပွင့်ကို ၊ မြင်မိသလို။

ရုတ်တရက်ပင်
နှုတ်ဆက်လာသော ၊ ငှက်ညိုချောကို
အုန်းတောထဲက ၊ လွမ်းမြမြနှင့်
ခွန်းသတတ်သူ ၊ ဥဩဟူ၍
ငယ်မူရိပ်ကို ၊ မြင်မိသလို။

တို့မြန်မာပြည်၏
စာပေစကား ၊ ပွားစေသားဟု
ရပ်ခြားဝေးမြေ ၊ ပညာဝေစဉ်
ရွှေစကားနံ့ ၊ သင်္ကြန်နံ့ကို
သန့်ကနဲလျှင် ၊ မွှေးသည်ထင်၍
မိရင်ခွင်စမ်း ၊ သားငယ်လွမ်းသို့
ပြည်လွမ်းမျက်ရည် စို့လိမ့်တကား။

ရှုမဝ
၁၀-၃-၇၅။(နေ့လယ်)

http://mmteashop.com

## ပေါဝန်တောင်က ကိုးတောင်ကျား

ဝါးရုံရိပ်၌
အိပ်နေသောကျား ၊ ဆိပ်လူးမြားနှင့်
တအားပစ်မည် ရွယ်ချေပြီ။

ငဒုသီအို ၊ သောနုတ္တိုရ်ကား
ကျားကိုပစ်ရန် ၊ သူမကြံခဲ့
ဆဒ္ဒန်ဆင်မင်း ၊ မြားနှင့်ခွင်း၍
ထုတ်ချင်းမောင်းရန် လာသတည်း။

ကျားအိုကြီးကား
အထီးကျန်ကာ ၊ ပေါဝန္တာ၌
မာနနှင့်ကြိမ်း ၊ တဟိန်းဟိန်း။

ကျားအိုကြီးကား
မီးလိုဝင်းဝင်း ၊ မျက်လုံးတွင်းက
ခြင်းခြင်းတောက်လောင် ၊ ငါလိုကောင်ဟု
မာန်စောင်တင်းတင်း ၊ တဟင်းဟင်း။

ဟိန်းသံဟင်းသံ ၊ တောလုံးညံလည်း
အမှန်မှာကား ၊ ကြွက်အလားသို့
စိတ်အားငယ်လျက်ရှိချေပြီ။

ဝါးရုံရိပ်၌
အိပ်သာအိပ်ရ ၊ စိတ်မချ။

ဝါးရုံရိပ်၌
ထိတ်လိုက်လန့်လိုက် ၊ ထပြေးလိုက်နှင့်

http://mmteashop.com

နောက်လိုက်မှာကား ၊ သမီးသားနှင့်
မယားမျှသာ ၊ သူ့ကမ္ဘာ။

ဝါးရုံရိပ်၌
အရိပ်ကိုပင် ၊ ရန်သူထင်လျက်
ရန်သူကိုပင် ၊ အရိပ်ထင်လျက်
အမြင်မှုန်ဝါး ၊ အထင်မှား။

မြင်လိုက်ဝါးလိုက် ၊ ထင်လိုက်မှားလိုက်
တွေ့ရာကိုက်သော်
နောက်လိုက်ကဖဲ ၊ ဖဲသူမဲနှင့်
လမ်းခွဲကိုမြင် ၊ လမ်းလွဲဝင်သည်
လမ်းစဉ်လည်းပျောက် ၊ ချောက်ထဲရောက်။

ချောက်ထဲရောက်လည်း
ဟောက်ချင် ဟိန်းချင် ၊ သူ၏ဉာဉ်ကြောင့်
မြင်သမျှကြား ၊ ရန်သူလားဟဲ့ . . .
ငယ်သားနောက်လိုက် ၊ သူ့ကိုကိုက်ဖို့
အငိုက်ကိုများ ၊ ဖမ်းမလားဟဲ့ . . .
ယုံမှားသောစိတ် ၊ တထိတ်ထိတ်နှင့်
လိပ်ပြာငယ်လျက်ရှိချေပြီ။

သောနတ္တိုရ်ကား
တချုံ့ခိုလျက် ၊ တကုန်းတက်စဉ်
သူ့လက်တွင်းဝင် ၊ သူ့ခွင်တွင်းရောက်
သူ့အောက်ဝပ်သွား ၊ ကိုးတောင်ကျားကို
လက်ယားလျက်ရှိချေပြီ။

http://mmteashop.com

ဝါးရုံရိပ်၌
သမီးတကျိုပ် ၊ သားတကျိုပ်နှင့်
အိပ်နေသောကျား ၊ ပစ်ခဲ့ပြားက
မယားအိမ်က ၊ မျက်နှာရလိမ့်။

ကျားအိုကြီးကား
နီးဝေးအမြင် ၊ မကြည်လင်တော့
သူ့တွင် မျက်စိမှုန်ချေပြီ။

ဝါးရုံရိပ်၌
အိပ်မှုန်စုံမွှား ၊ ကိုရွှေကျားလည်း
"နွားကိုကိုက်တာ ၊ ကျွန်ုပ်ပါဗျ . . .
ရွာကိုနှောက်မွှေ ၊ ကျွန်ုပ်လေဗျ . . .
လယ်မြေယာထဲ ၊ ဝင်၍ဆွဲသည့်
ကျားရဲ့သမုတ် ၊ အကျွန်ုပ်ဗျ . . .
ခု မဟုတ်ပါ ၊ မဟုတ်ပါပြီ
ချမ်းသာပေးပွဲ ၊ ပေးပါဗျ " ဟု
စိတ်ကစွဲလမ်း ၊ ထယောင်ယမ်းစဉ်
ငန်းဖမ်းသောကျား ၊ ဝါးရုံနား၌
မြှားဆိပ်ထိပ်တက် ၊ ရန်သူ့လက်တွင်
ပက်လက်လန်၍ လဲသတည်း။

သောနတ္တိုရ်ကား
ကျားအိုတကောင် ၊ ဟောဝန်တောင်က
အချောင်ရခဲ့လသတတ်။

(၁၈-၁-၇၃ မှ ၇-၂-၇၃)

http://mmteashop.com

## ပန်းပွင့်လေးဆယ်

[၁၉-၁၁-၇၃ -မွေးနေ့သို့]

ဤလူ့ရွာသို့
ငါလာခဲ့ပြီး ၊ ဤတံခါးမှ
ဖဝါးခြေလှမ်း ၊ နေကြာပန်းကား
ပန်းပွင့်လေးဆယ် ပြည့်တော့မည်။

ဆရာမိဖ ၊ ဆုံးအမဖြင့်
ဘဝတခွင် ၊ လူဟုတွင်လျက်
သိမြင်သမျှ ၊ တေးအလှကို
ဝေငှချိုမြိန်စေခဲ့သည်။

နောင်သောအခါ ၊ ပန်းနေကြာတို့
တရာတိတိ ၊ ပွင့်သည်ရှိသော်
ငါ၏တာဝန် ၊ နှလုံးမွန်ဖြင့်
ကျေပွန်စွာပင် ၊ ထမ်းမည်ပြင်လျက်
အဆင့်သင့်ပေ ၊ ပန်းနယ်ဝေဒံ့။

မိဖသခင် ၊ ဆရာရှင်ငဲ့ . . .
ကြည်လင်ငြိမ်းချမ်း ၊ မေတ္တာပန်းတို့
ငါ့လမ်းပေါ်၌ ပွင့်စေသတည်း။

၁၅-၁၁-၇၃

http://mmteashop.com

## အဘနဲ့ အဘရွာ

ပြောင်းတတင်းကို
ခေါင်းရင်းအိမ်က ပေးခဲ့တယ်။
ဟင်းရွက်တဆုပ် ၊ ထင်းတခုတ်ကို
ကျုပ်မြေးတွေက ပေးခဲ့တယ်။

လျှာပွတ်ဆေးနဲ့
ဆေးခါးကြီးစ ၊ လျက်ဆားစသည်
ကျောင်းကဘုန်းကြီး ပေးခဲ့တယ်။
သမီးအငယ် ၊ အိမ်ထောင်သယ်က
နေ့လယ်နေ့ခင်း ၊ ခံတွင်းချင်ပြေ
အပျင်းပြေအောင်
အဖေလဲဝါး ၊ ညှော်လဲစား-တဲ့
လက်ဖက်သားကလေး ပို့ခဲ့တယ်။

ဝါကျွတ်ရက်က
အညှက်ဖြူဆုပ် ၊ ပေါက်ပေါက်ဆုပ်တဲ့ . . .
မွေးစုတ်တဘက် ၊ ချည်စောင်ကွက်တဲ့ . . .
သက်ကြီးဝါကြီး ကန်တော့ကြတယ်။

ငှက်ပျောသီးနဲ့
အုန်းသီးတလုံး ၊ ဘ မသုံးဖူး
ဖုန်းကြီးလှူလိုက်ရသေးရဲ့။

အဘဆီက
ရှေးကသီချင်း ၊ တက်ကြွယင်းနဲ့
နင်းကြနိပ်ကြ ၊ ပြုစုကြနဲ့

http://mmteashop.com

ကာလသားတွေ ၊ စည်ပါပေကွယ်
ပုလွေမယ်ဒလင် ၊ ဒေါင်ဒင်ဒင်နဲ့
ဘင်ဂျိုဝိုင်းက ညတိုင်းပ။

အဘအိုရဲ့
ပုံတိုပတ်စ ၊ ကြားချင်ကြသတဲ့
ညခင်းညခါ ၊ ဝိုင်းလို့လာတဲ့
ရွာက ကလေး ၊ အဘမြေးတွေ
အေး . . . အေး . . . ပြောရသေးတာပ။

အဘအိမ်သား ၊ ကွယ်လွန်သွားလဲ
ဝမ်းခါးမပူရပေဖူး။
အဘရဲ့သား ၊ ရန်ကုန်သွားလဲ
တအားမငယ်ရပေဖူး။

သည်မြေသည်ရွာ ၊ အဘရွာပေါ့။
ရွာသူရွာသား ၊ အဘသားပေါ့။

ရွာက ကလေး ၊ အဘမြေးပေါ့။
သမီးနဲ့သား ၊ မြေးငယ်များတို့
ငှါ့ရွာနားက
တဖဝါးတောင် ၊ ခွာနိုင်ပေါင်ဗျာ
နောင်ဘဝလဲ ၊ ဘ မခွဲဖူး
ခုလဲသည်မှာ ခေါင်းချမယ်။

(၁၁-၅-၇၃ က ရေးလက်စကို ၁၂-၁၂-၇၆တွင် အပြီးသတ်သည်။)

http://mmteashop.com

## ပြည်သူ့တပ်ဦးက ကလောင်

လေမုန်တိုင်းက
ရိုင်းစိုင်းခက်ထန် ၊ ယောက်ယက်ဆန်လျက်
ဒေါမာန်ဟူးဟူး ၊ တရှူးရှူးဖြင့်
ရှူးမူးဖျက်ဆီးလေသောခါ။

သင်သည် ကျောက်ဆောင်
ကျောက်သားတောင်သို့
မာန်ထောင်ရိုင်းစိုင်း ၊ လေမုန်တိုင်းကို
မကိုင်းမညွတ် ခုခံ၏။

သင့်ကလောင်က
အောင်လံနီကို ၊ ဇွဲ့ချီကိုင်စွဲ
မုန်တိုင်းထဲမှာ
ရဲရဲခိုင်ခိုင် ၊ ချီတက်နိုင်အောင်
မယိုင်မလဲ ၊ မပြိုကွဲအောင်
ရဲရဲလှုံ့ဆော်ခဲ့ပေ၏။

လေရူးမုန်တိုင်း ၊ ကဆုန်စိုင်းလျက်
ထင်တိုင်းဖျက်ဆီး ၊ ဤခရီးတွင်
မီးတိုင်ပမာ ၊ သင်၏စာသည်
မဟာအင်အားဖြစ်ပေ၏။

မာန်ထောင်လွှားလွှား ၊ လူရမ်းကားကို
ဓားလှံသို့နှယ် စူးပေ၏။

http://mmteashop.com

သင့်ကလောင်က
အောင်ပွဲများစွာ ၊ ဆောင်ယူလာသော
အောင်ခရာသံ ၊ အောင်စည်သံတည့်။

သင့်ဘဝကို
မြေချဖိနှိပ် ၊ အမှုန့်ကြိတ်လည်း
ကြိတ်၍မကျေ ၊ သင်မသေခဲ့။
သင့်ကိုသတ်လည်း
သတ်၍မရ ၊ ချိုးမရသည့်
အာဂစိတ်ဓာတ် ၊ မားမားမတ်လျက်
ဝတ်စေ သတ်စေ ၊ သင်မသေခဲ့။

သင်၏စိတ်ဓာတ် ၊ ပိုင်းပိုင်းပြတ်၍
သင်ရပ်တည်ရာ ၊ ယိမ်းယိုင်လာအောင်
ယုတ်မာသမှု ၊ မည်မျှပြုလည်း
ပြည်သူ့ဖက်မှာ ၊ အမြဲသာတည့်
ဘယ်ခါကမျှမရွေ့ခဲ့။

ပြည်သူ့တပ်ဦး ၊ ကလောင်မှူး၏
မီးရှူးတန်ဆောင် ၊ အလင်းရောင်ကား
အောင်ပွဲခံဖို့ ၊ ပြည်သူတို့။

၂၈-၉-၇၆။

http://mmteashop.com

## ဖိတ်စာ

ရုတ်တရက်သော်
စိတ်စက်တုန်လှုပ် ၊ ထိုင်ငုတ်တုတ်နှင့်
ကျွန်ုပ်စိတ်တွင် ၊ သောကဝင်၏။

သေမင်းလက်နှင့်
နှုတ်ဆက်သည့်လား ၊ လန့်တကြားနှင့်
ခံစားခဲ့မိ ၊ နွမ်းခွေရှိခဲ့။

ဇနီးမယား ၊ သမီးသားနှင့်
ဆွေသားရင်းချာ ၊ မိတ်များစွာကို
မခွာလိုချင် ၊ သံယောဇဉ်ကြောင့်
တုန်ယင်ချောက်ချားမိပါ၏။

သို့တစေလည်း
သေမင်းထံမှ ၊ ဖိတ်စာရသော်
ဘဝထဲတွင် ၊ သူပျော်ချင်လည်း
ဖိတ်ခေါ်ငင်ရာ ၊ လိုက်ရပေါ့အံ့။

မည်သူသည်လျှင်
ဤဖိတ်စာကို ၊ မယူလိုဟု
ငြင်းဆိုနိုင်ခဲ့ဖူးပါသနည်း။

အချိန်ကျ၍
သူကခေါ်လာ ၊ သောအခါတွင်
ကြည်သာပြုံးရွှင် ၊ လိုက်မည်ပင်တည့်။

http://mmteashop.com

နေခဲ့သက်တမ်း ၊ ငါ၏လမ်းကား
လဝန်းပုံသွင် ၊ မြူမတင်ဟု
ဖြူစင်ခဲ့သည် ၊ ငါယုံကြည်ခဲ့။

သေမင်းသခင် ၊ ဘဝရှင်ငဲ့
အသင်ဖိတ်ရာ ၊ ငါလိုက်ပါလျှင်
ပြစ်ဆာစိုးစိ ၊ ဝန်မပိ၍
ငါ၏ကိုယ်မှာ ၊ ပေါ့ပါးပါလိမ့်။
ညင်သာပွေ့ကိုင် ၊ သင်ဆောင်နိုင်အံ့။

ငါ့မကောင်းမှု ၊ ငါ့ကောင်းမှုဟု
ငါပြုသည့်ကံ ၊ သင်၏ထံတွင်
အပ်ရန်အသင့် ၊ ငါပြင်နင့်ပြီ။

တံခါးဖွင့်၍ ၊ စောင့်လင့်ကြိုဆိုနေပါ၏။
လာပါ့ဆွေရင်း ၊ အိုသေမင်းငဲ့
မငြင်းလိုအား ၊ ကျွန်ုပ်ကားလျှင်
တရားကင်းသူမဟုတ်ချေ။

၉-၁၂-၇၆။

http://mmteashop.com

## ပြတိုက်အိုသို့ သွားကြစို့

သူငယ်ချင်းတို့ ၊ ရွယ်ချင်းတို့
တို့အသက်လည်း ၊ အတန်ကြီးပြီ
လူကြီးစာရင်း ၊ အတွင်းဝင်ပြီ
သခၤါရလောက ၊ ဉာဏ်အလုကို
ရှုရှုရာရ ၊ ပွားများရအောင်
လောကအရေး ၊ မှုရှုပ်ထွေးကို
ဘေးက ဘီက ၊ ပွဲကြည့်ရအောင်
လာကြပါလေ ၊ လျှာမရှေနှင့်
လာလေသွားစို့ ၊ ပြတိုက်သို့။

တို့ဖြစ်အင်ကား
တော်ချင် လှန်ချင် ၊ မာန်တွေစင်၍
မာန်ဝင်အရွယ် ၊ ကွယ်ခဲ့လေပြီ။

ဘယ်ဆီဘယ်မှာ ၊ ဘယ်အခါက
ငါတော်ခဲ့ပုံ ၊ စွန့်ခဲ့ပုံတွေ
ကြုံတိုင်းဆုံတိုင်း ၊ ဂုဏ်တလှိုင်းနှင့်
သိုင်းဝိုင်းဖွဲ့နွဲ့ ၊ ဇာမချဲ့နှင့်
ထားခဲပါလေ ၊ အို အဆွေတို့။

ကိုယ့်နေရာမှန် ၊ ကိုယ်နှင့်တန်သည့်
ကိုယ့်မာန်ကျခိုက် ၊ ကိုယ်နှင့်ထိုက်သည့်
ပြတိုက်အိုသို့ သွားကြစို့။

လူကြီးအရုက် ၊ မျက်နှာဝှက်ဖို့
ယက်ကန် ယက်ကန် ၊ မငြင်းဆန်နှင့်

http://mmteashop.com

မာန်တကြီးကြီး ၊ ဟန်မစီးနှင့်
လူကြီးဆိုတာ ၊ ပြတိုက်မှာပင်
အသာချိုစို့ ၊ နေခိုဖို့။

ဖုန်းမီးနေလ ၊ တို့ခေတ်ကဟု
အစချီလျက် ၊ ရှေးမာန်တက်ကာ
မြိန်ရှက်ဝင့်ကြွား ၊ ခေတ်တရားကို
ဟန့်တားသမှု ၊ တို့မပြုနှင့်။

ယခုလူငယ် ၊ ခေတ်လူငယ်တို့
ပင်လယ်ဒီရေ ၊ တက်လာချေသို့
လာနေကြပြီ ၊ လာကြပြီလေ
ဒီလှိုင်းပမာ ၊ အားမာန်ပါ၏
နေရာဖယ်ပေးကြပါစို့။

ငယ်စဉ်ကမာန် ၊ မစွမ်းသန်၍
မတော်လှန်ရဲ ၊ သတ္တိနဲ့ပြီ
နဲမှန်းသိသိ ၊ မှန်တိုင်းကြည့်၍
မိမိကိုယ်ကို ၊ နှိမ်ချဆိုလျက်
ခေတ်ကိုနေရာပေးကြစို့။

မာန်စွယ်အကျ ၊ ဉာဏ်အလှနှင့်
ပြတိုက်အိုမှာ ပျော်ကြစို့။

(၁၆-၁-၇၁ ကရေး၍ ၁၂-၁၂-၇၆ တွင် ပြင်သည်။)

http://mmteashop.com

## တောကျေးလက်က အပ်ချုပ်ဆိုင်

တဲခေါင်စွန်း၌
ထွန်းလျက်မီးအိမ် ၊ မှေးမှိန်မှိန်။

တချောက်ချက်ချက် ၊ ခြေနင်းစက်ဖြင့်
မနက်နေ့ည ၊ မအားရသည့်
တောက ကျွန်တော့အပ်ချုပ်ဆိုင်။

လက်ယက်ပင်နီ ၊ ဖျင်အင်းကျီကို
ဈေးနေ့မှီအောင် ၊ ချုပ်ပေးဗျား။

ပေါ်ပလင်ကို
ကိုရင်လူထွက် ၊ ငပိချက်ဖို့
လက်စကနော်
အပွမကြိုက် ၊ ခေတ်အလိုက်ပေါ့
နိုက်ဖို့ဘေးထိုး ၊ အိတ်နှစ်လုံးနှင့်။

ကျုပ်သမီးလေ
အကြီးကောင်မ ၊ မိညိုလှဖို့
ပွပွဖားဖား ၊ ခါးလည်းလုံလုံ
ပုံလည်းကျကျ ၊ တရေချလည်း
မကျုံ့ရအောင် ချုပ်ပေးတော်။

စက်ဆရာရေ
သဘက်ခါတော့ ၊ လာယူမှာနော်
ကိုအတ္တမှာ ၊ ဝတ်စရာမရှိ
တော်အသိဘဲ။

http://mmteashop.com

လပြည့်လကွယ် ၊ ကန်ဆွယ်ကန်စောင်း
ဥပုသ်ကျောင်းတောင်
ကောင်းကောင်းမလိုက်နိုင်
ထိုင်ကိုယ်တော်ထံ ၊ သီလခံရ
အဲ - ကျန်တဲ့ချုပ်ခ
ငွေစကလေးဖြင့်
နောက်ဈေးပတ်မှ ယူတာပ။

နောက်ဈေးပတ်မှ ၊ မရသေးလဲ
ခဲတံကလေး ၊ တံတွေးဆွတ်ပြီး
တေးမှတ်ထားတော် ၊ မြေပဲပေါ်မှ
ပေးမပေ့ါ
စိတ်ချပါတော် စိတ်ချပါ။

နယုန်လထဲ ၊ နမ်းကြီးကြဲတော့
တောထဲ ဝတ်စရာ ၊ အားတော့နာရဲ့
ဖာပေးပါဒုံး  အင်းကျီတပေါက်။

အခါလည်နီး ၊ ကျုပ်သမီးဖို့
ဇီးကွက်အင်းကျီလေးက တထည်တော့။

ကျောင်းကြီးတကာ ၊ သိမ့်တကာဖို့
မာစရိုက်လုံချည် ၊ ကထိန်မှီအောင်
သီချုပ်ကလေး ချုပ်ပေးနော်။

လပြည့်ကျော်မှာ
ပေါ်တော်မူပွဲ ၊ အမှီနွဲဖို့
လူထဲသူထဲ ၊ ပွဲဝင်ရဲအောင်

http://mmteashop.com

အထဲခံအင်းကျီကတထည်လောက်။

ရှဉ့်မီးအင်းကျီ ဖျင်ကြမ်းထည်ကို
ပွဲမှီလမ်းမှီ ရပါရစေ။

ကုန်းပုထိုးပွဲ ၊ တောင်သာပွဲမှာ
ပွဲလည်းကြည့်ချင် ၊ ဈေးဝယ်ချင်သနင့်
စင်ကဆုတ်လာ ၊ သီတင်းဝါကို
ထွာပြည့်တောင်ပြည့် အပ်ပါသတော်။

အိမ်ကလူဖို့
အလှူကိစ္စ ၊ ရပ်ကိစ္စတွက်
ထသွား - လာသွား ၊ ဝတ်စားဖို့ရာ
မရှိရှာဘူး
တခါလာလဲ ၊ ရင်ကွဲအင်းကျီ
ဘိုသီဘတ်သီနှင့်။

သည်တခါများမတော့
အသားကောင်းကောင်း ၊ ရောင်းတမ်းမဟုတ်
ပင်နီအုပ်ထဲက
ချုပ်ပေးပါအုံး တိုက်ပုံတထည်။

အဲ တိုက်ပုံအင်းကျီ ၊ ဖျင်ပင်နီမှာ
နာရီအိတ်လဲ ပါချင်သယ်
ကျွန်တော့်ဆိုင်၌
မနိုင်အလုပ် ၊ ဖြိုင်ဖြိုင်ချုပ်ရ
နေစုတ်စုတ်ဝင် ၊ ငုတ်တုတ်ပင်လျှင်
လုပ်ခွင်ကကြွ မထရ။

http://mmteashop.com

ရွှေကျီးညိုနှင့်
ဘင်ဂျိုကိုပါ မတီးအား။

ရဂုံဗွေနှင့် ၊ ပန်းဟောဝန်ကို
လေချွန်လိုက်ရင်း ၊ ပုံကိုက်ရင်းနှင့်
ပျင်းချိန်မရ ညည်းကာမျှ။

ချုပ်ရိုးညီညီ ၊ သန်းဥစီသို့
ထုံမှီစံမျှ ၊ ပုံလည်းလှသတဲ့။
ချုပ်သားကောင်းကောင်း ၊ ချုပ်ရိုးကြောင်းက
မစောင်းမတောင့် ၊ အလွန်ဖြောင့်သတဲ့။

ဈေးသွားတောလိုက် ၊ ထွန်တိုက်ယာခုတ်
အလုပ်လုပ်ရာ ၊ ဝတ်ဆင်ခါလည်း
မညာရချေ ၊ ခိုင်လှပေသတဲ့။

အခုခါများ ၊ ကျေးလက်သားတို့
အလျားအနံ ၊ နိုင်ငံတလျှောက်
ဆန်ပျောက် ဆီပျောက် ၊ လူပါပျောက်၍
ငါးခြောက်ငါးခြမ်း ၊ အထည်ဆန်းနှင့်
ကူးသန်းသွားလာ ၊ ခေတ်ဆံလာတော့
တက်ထရွန် သက္ကလတ် ၊ တက်ထရက်တို့
စက်အပ်လာလျှင် ၊ ခိုင်းကြလျှင် -
မောင်းတံမြှောက်၍
စက်ပေါက်တတ်မှ တတ်ပွဲ့မလား။

ကျွန်တော့်စက်နှင့် ၊ ကျေးလက်နှင့်

http://mmteashop.com

အခွင့်သင့်မှ သင့်ပွဲမလား။

ရှေးရိုးလမ်းကြောင်း ၊ ခေတ်မပြောင်းလျှင်တော့
စက်ခေါင်းထဲက ကျွန်တော်ပါ။

မိုးဝေ
(၁၉၇၁-ခု၊ ဖေဖော်ဝါရီလ)



http://mmteashop.com

## မုတ်သုန်လာပြီ

ဆောင်းမကုန်မီ
မုတ်သုန်စောစော လာချေပြီ။

အို . . . မုတ်သုန်
ကဆုန်စိုင်းကာ ၊ သင်အလာတွင်
နာနာဘာဝ ၊ ဆံဖြေချသို့
ကြွေကျသဲသဲ ၊ တရှဲရှဲနှင့်
မှောင်ထဲမှာပျောက် ၊ ရွက်ယော်ခြောက်တို့
ခြေလျှောက်ပြေးသံ ၊ ရုန်းရင်းဆန်ရာ
ဟေမာန်၌ပင် ကြွေလေပြီ။

နွေဦးငှက်မူ
ရွက်ကြွေအရေး ၊ သံဝေတေးဖြင့်
မဆွေးချင်လို ၊ လွမ်းမပိုပြီ
မုတ်သုန်ကြိုတေး ၊ လေပြည်သွေးလျက်
အရေးတော်ပုံ ဖွဲ့လေပြီ။

မုတ်သုန်ဦးကား
မြူးတူးခုန်ပေါက် ၊ တံခါးခေါက်ပြီ
ကြဲမြှောက်ဝှေ့ယမ်း ၊ အောင်လံကမ်းဖို့
ပန်းတို့ဆီကို လာပြီတကား။

ရှုမဝ

http://mmteashop.com

## မီးတိုင်

လှိုင်းလေပို့၍
တို့ရောက်သည့်ကျွန်း ၊ အမှောင်ကျွန်း။
ဘဝသည် တို့၏
မီးတိုင်သည် ရှည်၏။

အမှောင်ကျွန်း၌
ထွန်းသည့်မီးတိုင် ၊ မငြိမ်းနိုင်။

အလှသည် သစ္စာ(ဟုဆို၏။)
သစ္စာသည် ကဗျာ(ဟု ငါဆိုအံ့။)
ကဗျာမွေးကြိုင် ၊ မြင်စွမ်းနိုင်အောင်
မီးတိုင်ထွန်း၏ ၊ ငါထွန်း၏။

လာလော့ကျွန်းသား ၊ ကျွန်းသူများ . . .
အင်အားမိုးကွယ် ၊ မညှိုးငယ်ကုန်လင့်။

အမှောင်ကျွန်း၌
မွန်းလေပြီကော ၊ စိတ်မမောကုန်လင့်။
ဤတောဤတောင်
ဤသောင်ဤကမ်း
ဤသည့်လမ်း၌
ပန်းမျိုးစုံစွာ ၊ ပွင့်ဝေဖြာဟု
မြင်သာနိုင်အောင် ၊ အလင်းရောင်က
ကျောက်ဆောင်ထက်စီး ၊ ထိန်ညီးညီး။

http://mmteashop.com

မီးတိုင်ကား ဘယ်ခါမျှမငြိမ်း
အမှောင်သာလျှင် ငြိမ်းလေအံ့။

လေစိမ်းမနိုင် ၊ မိုးမနိုင်
မှောင်နိုင်လေလေ ၊ လင်းလေလေတည့်
တို့မြေကျွန်းက ဤမီးတိုင်။

ဆေးတက္ကသိုလ် ၂နှစ်လည်စာစောင်
(၈-၉-၇၂)



http://mmteashop.com

## မိုးမသောက်မီ

သန်းခေါင်မကျော် ၊ ကြယ်မပေါ်မီ
ဟိုမျှော်သည်မှန်း ၊ ယောင်ကန်းကန်းနှင့်
စမ်းတဝါးဝါးဖြစ်ဦးမည်။
အမှောင်တွင်းက သီချင်းသည်။
အုန်းမောင်းမခေါက် ၊ မိုးမသောက်မီ
လမ်းပျောက်၍သာ နေဦးမည်
အမှောင်တွင်းက သီချင်းသည်။

ကြယ်နီမပေါ် ၊ စည်မဆော်မီ
ရဲဘော်လေလား ၊ ရန်သူလားဟု
ဝိုးဝါးဖြစ်နေပေဦးမည်
အမှောင်တွင်းက သီချင်းသည်။

ခရေဆယ်ပွင့်
(တိမွေးကုတက္ကသိုလ် ဆယ်နှစ်ပြည့်စာစောင်)
၂၀-၂-၇၄

http://mmteashop.com

## အမှောင်တွင်းက သီချင်းသည်

နမကလျာ ၊ မသစ္စာငဲ့
လသာဆောင်တွင်
ကိုယ်ရောင်တဆိတ် ပြပါလေ။

ပလွေဘင်ဂျို ၊ ညတိုင်းလိုပင်
သီဆိုခဲ့ရ ၊ မောလှပါပြီ
ခဏကိုယ်ရောင် ပြပါလေ။

အိပ်၍မရ ၊ စိတ္တဇနှင့်
သောကအိပ်မက် ၊ ညတိုင်းဆက်ပြီ
မျက်နှာကလေးတော့ ပြပါလေ။


ညည့်နက်သန်းခေါင်
မှောင်နှင့်မဲမဲ ၊ မသဲကွဲဖူး
နဲနဲဖြစ်ဖြစ် ၊ တအားသစ်အောင်
အချစ်ကိုယ်ရောင် ပြပါလေ။

တနေ့ဝင်တိုင်း
ဆိုချင် ငိုချင် ၊ မနေချင်ဖူး
လွမ်းချင်တမ်းချင် ၊ မနွမ်းချင်ဖူး
ညည်းပင်အောက်မှာ ၊ ညည်းတရာနှင့်
ညည်းနာကျလေ ၊ ငြီးလှချေပြီ
မေရဲ့ရုပ်ပုံ ပြပါလေ။

ရှုမဝ

http://mmteashop.com

## ဇော်ဂျီနှင့်သူ့သခင်



(၁)
ဇော်ဂျီရုပ်က
လှုပ်လှုပ်က ကာ ၊ ကားမှန်မှာတည့်
ဘယ်မှာ တန်ခိုးရှိသနည်း။

(၂)
တောင်ဝေ့းပါလည်း
ဘယ်မှာ ဆေးကြိတ်နိုင်သနည်း။

(၃)
ကားစက်နှိုးမှ ၊ သူနိုးထ၍
ထကြွလှုပ်ရှား ၊ လှုပ်ခါသွား၏
သွားပါသော်လဲ ၊ ကြိုးတွဲလွဲနှင့်
ကားထဲမျှသာ ၊ သည်နေရာ။

(၄)
သို့သော်ငြားလည်း
စီးပွားတက်မည် ၊ လာဘ်ရမည်ဟု
ယုံကြည်သမှု ၊ တခုခုကြောင့်
ဆုလာဘ်ပမာ ၊ တနေရာကို
ချိတ်ကာဆင်ကာ ၊ က ခုန်ရသည်
ဘဝ သူ့သခင်ပုံလို။

၁၁-၅-၇၃

http://mmteashop.com

## ကိုင်းဖြူပင်

လေညင်းလာ၍
သာယာသောခိုက် ၊ လေနှင့်လိုက်လျက်
ဟိုငိုက်သည်ငဲ့ ၊ ကိုယ်ကိုနွဲ့သည်
အလှဲ့ကျွမ်းကျင် ၊ ကိုင်းဖြူပင်။

ချောင်းကမ်းပါးစပ် ၊ ကြွားကြွားရပ်စဉ်
တိုက်ခတ်လေပြင်း ၊ မာန်ဟုန်တင်းလည်း
ဝပ်စင်းယိမ်းငဲ့ ၊ မကျိုးပဲ့သည်
နွဲ့နွဲ့ကိုယ်ပြင် ၊ ကိုင်းဖြူပင်။

ချောင်းရိုးလျှောက်၍
ပေါက်ခဲ့သည်မှာ ၊ ကာလကြာလည်း
အနာမရှိ ၊ ဒဏ်မထိပဲ
မိမိနေရာ ၊ မြဲလျက်သာတည့်
ပညာတတ်များ ၊ သူဝင်စားတင့်
ပါးနပ်ဉာဏ်လျင် ၊ ကိုင်းဖြူပင်။

ရွှေဖီဦးမဂ္ဂဇင်း
၁၀-၁၀-၇၃။

http://mmteashop.com

## အရာရှိမင်း၏ ဒုက္ခ

အစည်းအဝေးတွင် -
ကျေးသည်ကိုစား ၊ ကြားသည်ကိုဆို
ကြိုသည်ကိုလုပ် ၊ ကျွန်ကျွန်ပ်သည်
ဟုတ်ပဲ့မှန်ပဲ့ ၊ နှုတ်မချဘဲ
ကျအောင် ကြိုက်အောင် ပြောတတ်၏။

အလုပ်ခွင်တွင် -
အစီရင်ခံစာ ၊ သတင်းစာ၌
မျက်နှာလှအောင် ၊ အလယ်ကောင်က
အောင်မြင်မှုများ ၊ ကိန်းဇယားနှင့်
သားနားဘိတောင်း ၊ ကောင်းမွန်ဘိခြင်း
ဌာနတွင်း၌
သတင်းမွှေးအောင် ဆောင်တတ်၏။

အိမ်တွင် -
သမီးရွှတ ၊ ဆံတိုမနှင့်
သားကဂီတာ ၊ တိတ်ခွေပြာနှင့်
လာလာသမျှ ၊ ဟာဟာဟာဟု
သာစွမွေးနေ့ ၊ ပွဲကြီးတွေ့သော်
ရှေ့အပတ်ထဲ ၊ စည်းဝေးပွဲ၌
လမ်းသူရဲပြဿနာ ၊ အဖြေရှာဖို့
ဘယ်စာအုပ်ထဲ ၊ ဘယ်ပွိုင့်ဆွဲ၍
လှီးလွှဲတင်ပြရမည်နည်း။

(၂၅-၂-၇၃)

http://mmteashop.com

## ဘောလုံးပွဲ

ထမင်းတနပ် ၊ ငတ်ပေါင်းများလှ
စိတ်မာန်ထနေသော
ဒေါ်သနှင့် အလုပ်သမားများ။

ရုံးအုပ်ကဆဲ ၊ မိန်းမကမဲ
ကြွေးရှင်ကဆွဲ
မရဲမရှိ ၊ မငုံ့စိတ်ကျ
စိတ်မာန်ပွနေသော
ရုံးကစာရေးကလေးများ။

မှောင်နိုကုန်တဲ့
ဘူတာရုံမှာ ၊ ရှာဖွေရေးဆင်း
မျက်နှာတင်းလျက်
တောနင်းဒလကြမ်း ၊ အဖမ်းခံရ
ဘဝကိုနှာ
စိတ်ဆာနေသောကုန်သည်။

စာအုပ်တိုက် ပတ်ဗလစ်ရှာက
နောက်တခါမှ ငါးကျပ်ယူပါဟု
အခါခါအချိန်းခံရသော
စာရေးဆရာ။

အလုပ်သမား ၊ စာရေးစားနှင့်
ခါးကုန်းပိန်သေး ၊ ရုံးစာရေးတို့
ဘောလုံးပွဲဆီ ပြေးပြီးလျှင်

http://mmteashop.com

"ဟော့ကောင် . . . နီတိုး ၊ မအေရိုးကို
ခြေချိုးလိုက်ကွ . . . ။

ဟိုဖက်က စွပ်ပယား
ခေါက်ဆွဲစားသလား . . .
ခွေးမသားစုဝက် . . "

စိတ်ထွက်ထွက်နှင့် ၊ လက်သီးပုတ်ပြ
ဒေါသဖြစ်သမျှ
မိမိရရကော်ဆဲ ၊ စိတ်ဆာတာနဲ့ အတော်ဘဲ။
ရင်ထဲ ဒါမှရှင်းလေသတည်း။

ဘောလုံးပွဲအပြီး
ထီးစုတ်ကလေးနှင့် စာရေးဆရာ
ပတ်ဗလစ်ရှာထံ
မျက်နှာချိုသွေး
အရေးဆိုရန်
ခပ်ကုပ်ကုပ်နှင့် သုတ်သုတ်ပြန်လေပြီ။
အလုပ်သမား
ဘတ်စကားကိုတိုး ၊ ညှိုးလျလျမျက်နှာနှင့်
သာကေတကို ပြန်ရှာချေပြီ။

နောက်တနေ့မနက်
စာရေးကလေး ရုံးပြန်တက်သော်
ရုံးအုပ်ရှေ့မှာကြွက် ၊ မျက်နှာကလေးဆီးရွှက်နှင့်
လက်နိုပ်စက်ရိုက်နေပြန်လေသတည်း။

(၂၄-၁-၆၉ မှ ၂၅-၂-၇၃)

http://mmteashop.com

## ဘဝချစ်သူ

ရောက ရစ်ခွေရစ်ခွေ
ငှက်လှေက အိပ်ပဲ့အိပ်ပဲ့။
စစ်ကိုင်းတောင် ဖျိုင်းရောင်ဦးဆီသို့
ကူးကြစို့ရဲ့။

တောင်တန်းက နှမ့်ချည်မြင့်ချည်
စေတီက နီးလိုက် ဝေးလိုက်။
တောင်ထိပ်မှာ သာလိမ့်နိုးနဲ့
ခိုးလို့မျှော်ခိုက်။

ခရီးသည် တက်တုံ သက်တုံ
ကျေးငှက်စုံ ကျူးလို့ မြူးလို့။
တောင်ပေါ်မှာ တိမ်ကိုဆွတ်လို့
လွတ်လပ်စွာ သံသာတေးတွေနဲ့
ငေးကြပါစို့။

မိုးဇာပြော လက်သံ လက်သံ
ထက်ဝေယံ ချဉ်းလိမ့်ချဉ်းလိမ့်။
လင်းအရုဏ် ပြောသံတေးနဲ့
အေးချမ်းသာစိမ့်။

ရွှေကြက်ယက်စေတီဦး
မြစ်သင်ဖျူး ခင်းချိန် ခင်းချိန်
လှိုင်းလေကငြိမ်။

http://mmteashop.com

မိုးတိမ်လိပ် တလိမ်နှစ်လိမ်
စိမ်ခေါ်လို့ မပြေးတပြေး။

ဘဝကို ခင်တွယ်သူမို့
ငွေလှိုင်းဖြူ လှိုင်းပြာကြားက
ငှက်ခတ်သူ လှေသမားမှာ
အားတက်မိသေး။

သူတော်စင် ကျောင်းသင်္ခမ်းတွေနဲ့
ငြိမ်းချမ်းလို့ သာယာ သာယာ။
စစ်ကိုင်းဆို တောင်တော်ရိုးမှာ
ပန်းမိုးတွေရွာ။

မောင့်ချစ်သူ ငိုသံကြားယင်လ
သနားလိမ့် ရွှေရင်မှာ
ကရုဏာ တကျော့နှစ်ကျော့။

ဓမ္မသံ ညယံတေးတွေနဲ့
လူ့ဘောင်ကို ရှောင်မပြေးနိုင်လို့
ချစ်သူ့ခင် နှင်းဆီထွေးကို
မွှေးမိတယ်ပေါ့။

ယမုန်ဦးမဂ္ဂဇင်း

http://mmteashop.com

## နက်ဖြန်လာလမ်း


ရွှံ့ထဲနွံထဲ ၊ ဗွက်အိုင်ထဲမှ
ရဲရဲနီတျာ ၊ ပဒုမ္မာလည်း
အခါမတန် ၊ မပွင့်ပြည့်ပန်လျက်
မိုးသံမသာ ၊ မိုးမလာသေး။

ပန်းများပွင့်ရက် ၊ မိုးရွာရက်ကား
နက်ဖြန် နက်ဖြန် ၊ မနက်ဖြန်တည့်။

နွေကိုတော်လှန် ၊ မိုးသစ်ဖန်မည့်
နက်ဖြန်လာလမ်း ၊ သာစခန်းသို့
လှမ်းကြွသွက်သွက် ၊ ကမ်းကြွလက်။

မြန်မာအွန်လိုင်းလက်ဖက်ရည်ဆိုင်
WWW.MMTEASHOP.COM
http://mmteashop.com

## ရွှေသမင်



သုဝဏ်မိတ်ဆွေ ၊ မြိုင်တောခြေက
သဲမြေသောင်စပ် ၊ ရေချိုခပ်သည့်
မြင့်မြတ်ဖြူစင် ၊ ရွှေသမင်။

မိဝန်ဖဝန် ၊ ဆောင်ကျေပွန်သည့်
သုဝဏ်လိမ်မာ ၊ ဖော်သဟာကို
မေတ္တာလည်ဆွဲ ၊ ရွှေစင်ခဲဟု
အမြဲချစ်ကြင် ၊ ရွှေသမင်။

သုဝဏ်လူလု ၊ သဲလွန်လွန်၌
လဲကျစဉ်ခါ ၊ ကရုဏာကြောင့်
မခွာရက်အား ၊ မထားရက်ခဲ့
မျက်ရည်လဲ့နှင့်
လွမ်းဖွယ်နေဝင် ၊ ရွှေသမင်။

သားကောင်းလုလင် ၊ ရွှေသမင်နှင့်
ရေတင်ခပ်ခန်း ၊ ဖတ်တိုင်းလွမ်းမိ
လွမ်းတိုင်းပြန်ဖတ် ၊ မိတ်ဆွေမြတ်ဟု
မြတ်သောရေစင် ၊ ရွှေသမင်။

တိမ္မေးကုနစ်လည်မဂ္ဂဇင်း
၁၉၇၄-၇၅

http://mmteashop.com

## မိုးပြဲဆည်တွင်

တောင်ကြားက နတ်ရေစင်
တောင်ခြေတွင် နတ်စပါး။
မိုးပြဲဆည်ကောင်းကင်မိုး
ဖြိုးပေ၏တကား။

တောင်တန်းက မှိုင်းဝေဝေ
တောင်ခြေက ရေဖွေးဖွေး။
ငါးဖိန်းမ အပျိုဖျန်း
နှုတ်ခမ်းနီကလေး။

တက်သက်ရေ စက်လှေကလေးနဲ့
ဟိုဈေးက သည်ဈေးဝင်
အင်းရေပြင်တလွှား။

နှောင်တနေ့
မှောင်ငွေ့မြူခြည်ပြယ်မှ
ကယားနယ် ရှမ်းနယ်ကူးပါလို့
တေးကဗျာ သံသာကျူးမယ်လို့
ရည်စူးခဲ့တကား။

ရှမဝ
၁၉၇၆ - စက်တင်ဘာ။

http://mmteashop.com

## ကဗျာဆရာ့အိပ်မက်များ

ငါပိုင်ဘဏ္ဍာ ၊ အိပ်မက်သာတည့်။
စိန်ရွှေရတနာ ၊ မချမ်းသာလည်း
ဩဇာအာဏာ ၊ မချမ်းသာလည်း
ငါ့မှာချို့တဲ့ ၊ လက်မဲ့မဟုတ်။
ငါ့မှာ
အနာဂတ်တွက် ၊ မျှော်လင့်ချက်ဟု
အိပ်မက်တလှေကြီးရှိသည်။
ငါ့အခန်းတွင်
အဆန်းတကြယ် ၊ အိပ်မက်ခြယ်၏။
အိပ်မက်မျိုးစုံ ၊ လက်ပုံပုံ၍
မွှေးထုံချိုသင်း ၊ ဈေးလိုခင်း၏။
မိုးမှောင်သောည ၊ ငါဝေငှသည်
လှလှပပ ၊ ရောင်ကြိုးကြွနှင့်
ဘဝအိပ်မက် ၊ လူ့အိပ်မက်ဟု
စိန်ကွက် မြကွက်ကလေးများ။
ငါ့အိပ်မက်ကို
နှစ်သက်မှသာ ၊ ယူနိုင်ပါ၏။
အနာဂတ်ကို ၊ ချစ်သူဆိုလျှင်
ယူလိုမည်မှာ ၊ ငါသိပါ၏။
ငါ့မှာပိုင်သ ၊ အိပ်မက်မျှကို
ဝေငှဆင့်လောင်း ၊ ဆုမွန်တောင်းသည်
အိပ်မက်ကောင်းများ ၊ မက်စေသား။

၂၅-၃-၇၃

http://mmteashop.com

## သည်နွေကိုသာ မုန်းတော့သည်

လေကလေရူး ၊ လေဘီလူးတည့်
ဟူးဟူးရိုင်းရိုင်း ၊ ထင်ရာစိုင်းဆဲ ။
ဥဩငှက်လည်း
စိတ်ပျက်ဖွယ်ရာ ၊ သည်ဂါထာချည်း
ကျက်စာရွတ်တုန်း ၊ သည်စာလုံးချည်း
ရွံ့မုန်းစရာ နွေရက်များ။

ပန်းတွေကကြွေ ၊ စမ်းရေကခန်း
လမ်းတွေကခြောက် ၊ ကမ်းကကောက်လျက်
နွားသောက်ရေမျှ ၊ ရေမရခဲ့။

ကြွေကျသစ်ရွက် ၊ သစ်ကိုင်းထက်၌
ငှက်မျှမနား ၊ မစည်ကားခဲ့။

သစ်ဝါးမီးလောင် ၊ ကတုံးပြောင်နှင့်
တောင်ပေါ်ရှုခင်း ၊ ငေါင်းစင်းစင်း။

နွေပြင်းပြင်းတွင်
နေမင်းအာဏာ ၊ စိုးသောခါမို့
မညှာညှဉ်းဆဲ ၊ ရိုးတံမွဲနှင့်
ရပ်ထဲရွာမ ၊ ချွတ်ခြုံကျခဲ့
ပူလှချည့်လေ ၊ ဤသည့်နွေတွင်
မြေပတ်ကြားအက် ၊ ဖုန်းဆိုးပျက်။

မောင့်ချစ်သူငဲ့ . . . .
နေပူကြီးစိုး ၊ ရာသီဆိုးတွင်

http://mmteashop.com

ပန်းမျိုးတရာ ၊ ဘယ်ပွင့်မှာလဲ
မေတ္တာဆိတ်သုဉ်း ၊ နွေကိုမုန်းပြီ
မိုးချုန်းသံကို ကြိုရအောင်။

၂၈-၃-၇၇



http://mmteashop.com

## ခါတော်သကြ္ဂန်ပွဲတည့်လေ

ကဗျာတခွက် ၊ နံ့သာလက်ဖြင့်
စက်တော်ဗုဒ္ဓ ၊ မိနှင့်ဖကို
ကြည်မြသဒ္ဓါ ၊ ပူဇော်ပါသည်
ခါတော်သကြ္ဂန်ပွဲတည့်လေ။

ပိတောက်ဝင်းဝင်း ၊ တမာသင်းနိုက်
ယမင်းသွယ်လျ ၊ မယ်နုမကို
အေးမြသီတာ ၊ သွန်းလောင်းပါသည်
ခါတော်သကြ္ဂန် ပွဲတည့်လေ။

မြူခိုးဝေ၍
သည်နွေမဆုံး ၊ တပြည်လုံးကို
ကြည်ပြုံးစေအောင် ၊ မိုးလက်ဆောင်ဖြင့်
တောင်ပေါ်ကလာ ၊ ငြိမ်းမိုးရွာသည်
ခါတော်သကြ္ဂန် ပွဲတည့်လေ။

ရှုမဝ
၁၉၇၇

http://mmteashop.com

## မိုးဦးပွဲတော်

ဤမိုးဦး၌
ဖူးကုန်ပွင့်ကုန် တင့်တယ်ကုန်။

မုန်တိုင်းချွေလည်း
မကြွေခဲ့ကြောင်း ၊ ပန်းအပေါင်းဟု
လက်မောင်းတန်း၍ ပြကြကုန်။

နွေအပြင်းဓာတ် ၊ နေမင်းသတ်လည်း
သတ်တိုင်းမသေ ၊ ချွေမကြွေဟု
ရွှေစည်တော်သံ ဟိန်းကြကုန်။

မိုးပဖျုန်နှင့်
ကခုန်မြူးတူး ၊ ပန်းဖူးဖူးတို့
မိုးဦးပွဲတော် ဆင်ကြကုန်။

သစ်ကြီးဝါးကြီး ၊ တောင်တန်းကြီးတို့
မိုးကြီးလေကြီး ၊ တော်သံဟည်း၍
ကောင်းချီးမင်္ဂလာ ၊ မြိမ့်မြိမ့်သာစဉ်
လာကြ လာကြ ၊ ရှုးပန်ကြလျက်
လောကအသစ် ဖန်ဆင်းကုန်။
အို - ဘယ့် ပန်းရုံ ပန်းမျိုးစုံ။

ရှုမဝ
၁၉၇၅ - ဇွန်

http://mmteashop.com

## မျက်နှာ

ကိုယ့်မျက်နှာကို
တရှာမှတ်ထင် ၊ ကိုယ့်ကိုခင်သည့်
ချစ်ကြင်သူလေးရေ။
တရက်တရှာ ၊ တမျက်နှာ
ဆက်ကာ ဆက်ကာ ပြောင်းခဲ့ပြီ။

**အသက် ၂၀**
အမှန်မျက်နှာ ၊ ငါကြည့်မှာပေါ့
ဘာမျှကိုယ်ကျိုးမကြည့်နိုင်။

**အသက်၃၀**
မှန်တိုင်းမဟုတ် ၊ အလုပ်မျက်နှာ
ငါကြည့်မှာပေါ့
ဒါမှ အလုပ်ဖြစ်မယ်။

**အသက်၄၀**
မှန်သည်ကိုသိ ၊ ကြည့်မနေနိုင်။
အလုပ်ကိုသိ ၊ ကြည့်မနေနိုင်။
မယားရဲ့မျက်နှာ
သားရဲ့မျက်နှာ ၊ ကြည့်ရပါပြီ
မှန်ရာမလုပ်ဝံ့တော့ပြီ။
မှန်ရာမလုပ် ၊ ရန်ငါရှုပ်
ကုပ်ကုပ်ကလေး ကွေးရပြီ။

http://mmteashop.com

**အသက်၅၀**

**၆၀**

**၇၀ . . . . . . . . .**

အသက်ကြီးမှ ၊ လူမုန်းမခံရပါစေနှင့်

လောကဆိုတာ သည်လိုပေါ့ကွယ် ။

ချင်းတိုင်းရင်းသားယဉ်ကျေးမှုအသင်းမဂ္ဂဇင်း



http://mmteashop.com

## သူရဿတီပြုံးလိမ့်မယ်

မောင်မချိုသူမို့
လျှောင်မကလိပါနဲ့
မှောင်အတိ သန်းခေါင်တိုင်တော့
မောင်ယိုင်ကာ အခြေပျက်ပြီမို့
ဖတ်ဘုရင် ရုပ်သွင်ဖျက်လို့ရယ်
မျက်နှာဖုံး လဲပုံတွေ။

ကြောင့်ကြထိတ်ပြာ
မောင့်လိပ်ပြာ မောင်မလုံဘု
သံသယမျက်လုံးအစုံနဲ့
နှုတ်ကြာငုံ မပွင့်တပွင့်
တဟင့်ဟင့် ပြယ်သလိုလိုနဲ့
ရယ်ချိုချို တမင်မစ လာနဲ့
အစွယ်ကို မြင်နေကြပြီလာ့
ဒီညမှာ ဒီအမှောင်နဲ့
မောင့်ကိုယ်ရောင် ဖျောက်ကာဖုံးစဉ်မှ
သူရဿတီ မယ်မပြုံးချင်နဲ့
နလုံးတုန် ရင်ခုန်လှ
မောရချည့်လေ။

မှောင်ထဲမှာ တိတ်တခိုး
တီးတိုးသံ မောင့်ရင်ထိတ်လှချည့်
အရိပ်တောင် ရန်သူထင်မိ

http://mmteashop.com

ရင်ထဲမှာ ရစ်လို့ခွေ
စိတ်မြွေဆိုး ပါးပျဉ်း။

မောင့်အကြောင်း
အကောင်းဆို ပြောချင်ပြော
သဘောရှိ အခွင့်ပေးမယ်
အဝေးကို နီးသယောင်
အမှောင်ကို မီးတန်ဆောင်
မျက်နှာပြောင် တိုက်ချင်တိုက်လေ
မောင်ကြိုက်အောင် ဆိုစကားတွေမို့
မခါးပေါင် အားတောင်ရပါရဲ့
သူရဿတီ ဒေဝီမင့်
ပြုံးစစ လှောင်မူရာနဲ့တော့ဖြင့်
သစ္စာကို လှစ်ကာမပြွက်လာနဲ့
မောင့်အစွယ်နီ ဘယ်ဆီဝှက်ရပ့ါ
အမှောင်ပြယ်ယင် နှောင်ဝယ်ခက်ရချည့်
မကြာမီ နေနီထွက်ယင်လဲ
ရုပ်ဖျက်ကာ မနေသာဘု
ကြွေခါ ကြွေခါ နီးသူမို့
ဇောထန်ထန် ဒေါမာန်ကြီးခဲ့
ခရီးမပေါက်လို့ အံတတင်းတင်းနဲ့ ခံပြင်းလှချည်ရဲ့
မောင့်မှာလေ . . . . . . . . . မီးတောက်ပြန်ခြင်း။

ရွှေဝါလင်းမဂ္ဂဇင်း
၃-၉-၇၅

http://mmteashop.com

## သာမိုင်းခန်း

ထင်းရှူးနံ့နှင့်
လေသန့်မွှေးကြိုင် ၊ နေကြာခိုင်က
လည်တိုင်မော့မော့ ၊ နေခြည်ဖျော့တွင်
လာလော့ပျူငှာ ဤနေရာ။

တောင်ကုန်းပြေပြေ ၊ တောင်ခြေအဆင်း
မြင်ကွင်းကျယ်ပြန့် ၊ တခန့်တညား
သားနားစိမ်းမြ ၊ ငြိမ်းချမ်းစွတည့်
ပြည်မနှင့်ရှမ်း ၊ ရွှေငွေလမ်းတွင်
စခန်းအောင်မြေ ၊ လွမ်းတောင်ခြေ။

အောင်ပန်းအလွန် ၊ မြေအမွန်ဟု
ရွက်ချွန်စိမ်းလန်း ၊ သာမိုင်းခန်း၌
နန်းတော်လိုလို ၊ တက္ကသိုလ်ယောင်ယောင်
အဆောင်ဆောင်နှင့်
အမှောင်ထဲတွင် ၊ အိပ်မက်မြင်သည်
တိမ်ပင်လယ်ကြား ကြယ်ရောင်များ။

ကားကိုမောင်း၍
တောင်စောင်းတောင်ကွေ့
ရှေ့သို့ရွှေ့လည်း
မမေ့အိပ်မက် ၊ စိမ်းလန်းလျက်တည့်
မျိုးဆက်သစ်များ ၊ ထွန်းသစ်ပွားမည့်
တောင်ကြားထဲက တက္ကသိုလ်။

http://mmteashop.com

## ဟေမန္တ၏လှပုံတော်

ဆောင်းမင်းသမီး ၊ နှင်းပုတီးနှင့်
မီးပုံးတန်းတွင် ၊ ကိုယ်ဟန်ပြင်လျက်
စင်ပေါ်ထက်ဆီ ၊ လှမ်းလာပြီလေ။

ဆောင်းမှာနန်းစံ ၊ မိဟေမန်သည်
ခြေသံဖွဖွ ၊ ပုဝါချလျက်
မြကန့်လန့်ကာ ၊ မ တင်လာချိန်
ရွှေကြာတခိုင် ၊ ဆီမီးတိုင်နှင့်
ထိုင်ဟန် ထဟန် ၊ လင်္ကာဆံစွာ
ကာရန်တဆစ် ပြောင်းလေပြီ။

စည်းသုတ်ပြေးလျက်
အနေးအသော့ ၊ အချော့အမြူ
အယူအငင် ၊ အဆင်အကွက်
ကွက်ဆန်းရက်သည်
တက်ချေ ဆင်းချေ ၊ မြောက်ပြန်လေငဲ့ . . . .
မိဟေမန္တ ၊ ကကြိုးလှအောင်
နှိုးဆွလို့ဆော်နေလေပြီ။

မီးပုံးပြာစိမ်း ၊ လေမှာတိမ်းခိုက်
ယိမ်းသူပျိုမ ၊ ကောက်ပင်လှတို့
ကပွဲသဘင် ၊ အလှပြင်ကြ။
တံစဉ်မသိမ်း ၊ ကောက်မသိမ်းမီ
မြယိမ်းရွှေယိမ်း ၊ ဝဲယာယိမ်းနှင့်
ငြိမ်းချမ်းသာစွ ၊ ဟေမန္တငဲ့ . . . .

http://mmteashop.com

အလှသည်မှာ ပုံခဲ့သလော။

သပြေမဂ္ဂဇင်း

၁၀-၉-၇၅



မြန်မာအွန်လိုင်းလက်ဖက်ရည်ဆိုင်
WWW.MMTEASHOP.COM
http://mmteashop.com

## ကယားပြည်က သဇင်နီ

အို . . . ကယားပြည်
ဖားစည်ကချို ၊ တောင်ကညို၏။

နှင်းစိုဆွတ်မြ ၊ သဇင်လွလည်း
အလှဆင်ရန် ပွင့်ခဲ့ပြီ။

အလှပွင့်သစ် ၊ ဝကစ်ကစ်နှင့်
သစ်ခွပန်းလို ၊ မျက်နှာချိုတွင်
ပျိုမြစ်ပါးအို့ ၊ ရောင်နီစို့လျက်
နှစ်လိုစဖွယ် ၊ ဟက်ပက်ရယ်သော
ချယ်ရီအပြုံး ၊ တင့်မဆုံးတည့်
ဆံထုံးကေမြ ၊ သဇင်သ ရန်
ရှုရှုလက်ကိုပြင်လေပြီ။

တောင်ကြားထဲက ၊ စီးဆင်းကျသည့်
ပိုးစဖဲစ ၊ ပုဝါစနယ်
ဟိုကလွင့်လွင့် ၊ သည်လွင့်လွင့်နှင့်
တောင်မြင့်တိမ်ဦး ၊ သဇင်ရှူးရန်
တောကျူးရာမှ ၊ ပုဝါကျထင့်
လောပိတ စွန် ရေတံခွန်။

ဘီလူးချောင်း၏
ရေမောင်းကိုထုတ် ၊ စက်အားခုတ်သော်
အလုပ်ရုံများ ၊ စက်ရုံများနှင့်
လမ်းများ မြို့များ ၊ ပြည်တလွှားတွင်
လျှပ်အားသွင်သွင် စီးလေသတည်း။

http://mmteashop.com

မြို့တော်ကြီးကား
လှျပ်မီးရောင်စုံ ၊ နတ်နန်းဘုံသို့
စက်ရုံလည်းသံ ၊ ဟိန်းဟိန်းညံဆဲ။

တောင်ကြိုတောင်ကြား ၊ စက်ရုံနားက
ကယားလူမျိုး ၊ ခေါင်တအိုးနှင့်
စူးထိုးတောခုတ် ၊ တောင်ယာလုပ်၏။

ကယားငရုတ် ၊ သခွားပြုတ်နှင့်
တဆုပ်စပါး ၊ ဖွပ်၍စားယင်း
မယားကွမ်းကြိုက် ၊ အကြည်ဆိုက်လျက်။

သမီးပျိုမ ၊ ပန်းရောင်ကြွနှင့်
အလှဖွံ့ထွား ၊ တောင်ပေါ်ဖွားလည်း
ဝါးကျည်တောက်နှင့် ရေခပ်၏။

နှင်းမှုန်ဝေရီ ၊ လွိုင်ကော်ဆီသို့
ဈေးမှီဖို့ရေး ၊ လှေကလေးနှင့်
ပျံ့မွှေးသဇင် ၊ ရောင်းရန်တင်သော်
သဇင်ပန်းခက် ၊ အာရုဏ်တက်မို့
သွေးစက်စွန်းသို့ နီသတည်း။

ကယားပျိုမ ၊ ဆံကေမြထက်
ပန်ရချေပြီ သဇင်နီ။

ရှုမဝ
၁၉၇၆ - မတ်

http://mmteashop.com

## ၇၅အရောင်များ

နေညိုချိန်တွင်
ငွါးဆံပင်တွေ ဖြူချေပြီ။

ညဥ့်ကနက်၏
သစ်ရွက်ခြောက်များ ဝါယော်လျက်။

နွေဦးသစ်ကိုင်း ၊ ညိုညစ်မှိုင်း၏
လပိုင်းနောက်ခံ ဝါကြန့်ကြန့်။

စိမ်းသောသစ်ရွက် ၊ ပိန်းပိန်းနက်၏။
ကျေးငှက်လည်းအိပ် ၊ ငြိမ်တိတ်ဆိတ်။

ပြက္ခဒိန်တရွက် ၊ အသက်တနှစ်
တက်သစ်ခြင်းလား ၊ ဆုတ်ခြင်းလားဟု
မလှည့်ဖျားလို ၊ ငါသည် အိုပြီ
အညိုအဖြူ ၊ ဝါနက်နက်။

လလည်းမှုန်းယိမ်း ၊ လုပ်ငန်းသိမ်းပေါ့
အငြိမ်းယူကာ ၊ နားစက်ပြီ။

အိုခြင်းဒုက္ခ ၊ ကျခြင်းဘေးဒဏ်
ငါလက်ခံအံ့။

ကံကြမ္မာတည်း ၊ ငါမညည်းဘူး
ပစ္စည်းသိမ်းလော့ ၊ သည်မှာသော့။

ရှုမဝ
၁၉၇၅ - ဖေဖော်ဝါရီ

http://mmteashop.com

# ပြိတ္တာ၏မျက်ရည်

စားရဝါးရ ၊ ခွင့်တောင်းရလည်း
စားရမမြိန် ၊ ညည့်အချိန်တွင်
စိတ်မငြိမ်သက် ၊ ချောက်ချားလျက်တည့်။

ရက်မိလိပ်ပြာ ၊ ရှုံ့စရာဟု
ငါသာ ငါသိ ၊ ငါမချိ။

ဖိရနှိပ်ရ ၊ ရက်စက်ရလည်း
အဓမ္မမှု ၊ ငါသာပြုဟု
ညစ်ကျုမကြည် ၊ ငါသိသည်တည့်။
သွေးညှီနံဟောက် ၊ နေ့တိုင်းဖျောက်လည်း
မပျောက်နိုင်ပဲ ၊ ညဥ့်မှောင်ထဲတွင်
စွဲလမ်းအနံ့ ၊ လေမှာလှန့်သည်
လန့်၍နိုး၏ ငါသာသိ။

ပိတ်ရဆို့ရ ၊ လည်ဆယ်ရလည်း
သူကမယုံ ၊ ငါမယုံဟု
ငါ့ပုံကိုကြည့် ၊ ငါလည်းသိ၏
သိပါသော်လဲ ၊ မဖွင့်ရဲ၍
လိမ်မြဲလိမ်ရ ၊ ငါ့ဘဝ၏
ကြီးစွာဝဋ်ကြွေး ၊ ငါ့အဆွေးကား
ဖြေဆေးမရှိ ၊ ငါအသိ။

http://mmteashop.com

ဖြေရဖျောက်ရ ၊ ဟန့်တားရလည်း
ငါ့စိတ်မူရာ ၊ ငါ့လိပ်ပြာကို
ငါသာချောက်လှန့် ၊ နလုံးလန့်ခဲ့။

မသန့်လိပ်ပြာ ၊ ထိတ်စရာဟု
ငါ့ကိုယ်ငါလျှင် ၊ ငါပြန်မြင်၍
မြင်သည့်နိမိတ် ၊ ထိုအရိပ်ကား
စိတ်ငရဲခန်း ၊ ထိတ်မြဲတမ်းတည့်။
ငါ့လမ်းငါသိ ၊ နာနာဖိ။

ငါ့မြင်းငါစိုင်း ၊ ငါ့ကိုင်းငါခုတ်
ငါလုပ်ငါမှန် ၊ ငါစီမံဟု
ဖန်သာဖန်ရ ၊ ဟန်ဆောင်ရလည်း

ဘဝမြတ်စွာ ၊ လူဖြစ်လာ၍
လိပ်ပြာမပျောက် ၊ ညတိုင်းချောက်ခဲ့။

တောက်သံတချက် ၊ တက်သံတထစ်
ငါကြွေးဟစ်မိ
လူဖြစ်လာဘိ ၊ နာပါ၏။

မိုးကောင်းမဂ္ဂဇင်း

http://mmteashop.com

## ပန်ပါစေ

ပန်းဆိုသည်မှာ
ပွင့်ချိန်မှာပွင့် ၊ ရင့်ချိန်မှာကြွေ
မဆန်းချေ။

တရက်မျှသာ ၊ ပွင့်ရပါလည်း
ချမ်းသာပျော်ရွှင် ၊ ပွင့်မည်ပင်။

ပွင့်ရသည့်ခိုက် ၊ အဖိုးထိုက်၏
အမြိုက်အရသာ မှန်သည်ပင်။

ကြွေချိန်ကိုတွေး ၊ တဆွေးဆွေးနှင့်
ငေးမောနေက ၊ ပွင့်သစ်စတွင်
ရသဘယ်မှာ ရှိတော့အံ့။

ပွင့်ချိန်ကျလျှင်
လှလှပပ ၊ ပွင့်ပါမှ။

ကြွေချိန်ရောက်လျှင်
မကြောက်ရွံ့ပဲ ၊ ကြွေရမြဲကို
ရဲရဲကြွေကျလိုက်ပါမှ။

ပန်းမျိုးဖြစ်လျှင်
ပွင့်သစ်ရမည် ၊ ကြွေရမည်။

တစက္ကန့်မျှ ၊ ပွင့်ချိန်ရလျှင်
လှလှပပ ပွင့်ပလေ။
လူသားအားလုံး ပန်ပါစေ။

http://mmteashop.com

## ခေါင်းလောင်းထိုးသံ စောပါသေး

မရဏမောင်း ၊ ခေါင်းလောင်းထိုးသံ
ဝေးလံလံက
ချိန်တန်မကျ ၊ စောသေးစွလျက်
ကြားရချေပြီ ၊ နီးချေပြီ။

ငါ့တံခါးပေါက် ၊ သူမရောက်မီ
မိုးသောက်ချိန်တွင် ၊ လုပ်ငန်းခွင်က
အကြွင်းကိစ္စ ၊ ထိုကိစ္စတို့
လုပ်ရဦးမည် ၊ ဆောင်ဦးမည်။

ငါ့တံခါးပေါက် ၊ သူမခေါက်မီ
မိုးသောက်ယံတေး ၊ ငါသီကြွေး၍
ငါ့တေးပန်းများ ကြဲဖြန့်မည်။

ငါ့မှာမူကား ၊ အလုပ်များ၏
လူသားအတွက် ၊ တေးသံဆက်ရ
ငါ့လက်နေ့စဉ် ၊ သီမည်ပင်တည့်။

သင်ခေါ်သောခါ ၊ ငါမလာနိုင်
ငါ့မှာတာဝန် ၊ မကျေပွန်သေး
မွန်မြတ်လှစွာ ၊ လူ့ဝန်တာကို
ထမ်းပါရစေ ၊ ခဏနေဦး
ရှင်သေမင်းငဲ့ ၊ စောသေးရဲ့။

၅-၅-၇၄
ဗုဒ္ဓနေ့

http://mmteashop.com

## လက်ကျန်တပွင့်

သခင့်ခြံတွင်
တပွင်ကျန်သော ပန်းကလေး။

မခူးအားၡ်
ဆူးကြားကျန်ရစ်ခဲ့သလော။

မခူးရက်၍
ဆူးထက်ချန်ခဲ့လေသလော။

မခူးလို၍
ဆူးညိုကြားတွင် ၊ သူ့ကံပင်ဟု
တမင်စွန့်ခဲ့လေသလော။

မည်သို့ဖြစ်စေ
သခင့်မြေ၌ ၊ ညနေရီနှင့်
လွမ်းအောင်ပွင့်သည် ၊ တပွင့်ကျန်သေး
ပန်းကလေးကြောင့်
တေးသည်ငှက်ဆွေ ၊ အဆွေးပြေသည်
နွေဦးဆန်းစမှာတကား။

ရေဆန်လေဆန်ကဗျာများ
၁၄-၁၀-၇၃။

http://mmteashop.com

## အချစ်ပွင့်သစ်

သူ့ကိုယ်ကြင်နာ ၊ ကိုယ့်ကိုညာနှင့်
ကျန်းမာစေကြောင်း ၊ ရှင်စေကြောင့်စု
ဆောင်းဦးနှင်းလို ၊ နှုတ်သံချိုသည်
ပိုမိုဖွဲ့ရစ် ၊ အို . . . အချစ်။

သမီးသားတို့
စကားဝါကျ ၊ ဆိုသမျှကို
ပြောပြကြည်နူး ၊ စိတ်ရွှင်မြူးလျက်
ထူးဆန်းမှုရာ ၊ မြင်ယောင်ကာနှင့်
မေတ္တာကြည်မြ ၊ ပြန်ပြောပြသည်
လှပလူ့ဘောင် ၊ အိုးအိမ်ထောင်သည့်
နှောင်ကြိုးဖွဲ့ရစ် ၊ အို . . . အချစ်။

စားရေးဝတ်ရေး ၊ နေထိုင်ရေးနှင့်
ကလေးတို့နှောင် ၊ တင့်တယ်အောင်ဟု
မောင်လည်းကြံရွယ် ၊ မယ်လည်းကြံတွေး
ပန်းနှယ်မွှေးသည် ၊ ရှေ့ရေးမျှော်တုန်း
တပြုံးပြုံးနှင့်
ချစ်ထုံးဖွဲ့ရစ် ၊ အို . . . အချစ်။

မောင်နှင့်မယ်ကား
ရယ်ကာ မောကာ ၊ စိတ်ဗျာပါနှင့်
မေတ္တာတရစ် ၊ ကြင်နာသစ်နှင့်
အချစ် ဆကဲ ၊ လက်ချင်းတွဲသည်
ရဲရင့်ပွင့်သစ် ၊ အို . . . . အချစ်။

http://mmteashop.com

## လွမ်းရုပ်ဖျောက်

အိပ်မက်ထဲမှာ ၊ အမေလာ၍
မာပါရဲ့လား ၊ အမေ့သား . . .တဲ့။

အိပ်မက်ထဲမှာ ၊ အဖေလာ၍
သာပါရဲ့လား ၊ အဖေ့သား . . .တဲ့။

မာရေးသာရေး ၊ အဖြေပေးစဉ်
မွှေးနံ့လည်းပြယ် ၊ မိဖကွယ်သည်
ညည့်လယ်လန့်၍ နိုးခဲ့ပြီ။

လန့်၍အနိုး ၊ ငါစိတ်ညှိုးခိုက်
ပိုးလိုးပက်လက် ၊ ချင်းချင်းဖက်၍
အိပ်စက်နေကြ ၊ မောင်နှမနှင့်
အဖနံဘေး ၊ လက်မောင်းကွေးလျက်
ကလေးတို့ အမေ ၊ အိပရှာချေဟု
မြင်လေခါမှ ၊ သတိရမိ
ဖခင်ဖြစ်လာ ၊ ကျွန်ုပ်ငါကား
နောင်လာနောက်သား ၊ မျိုးဆက်များ၏
အားကိုးစရာ ၊ ဖြစ်ထိုက်စွာဟု
တွေးကာသိမ်းရုပ် ၊ လွမ်းဇာတ်မြှုပ်လျက်
လွမ်းရုပ်ဖျောက်ခဲ့ရပြီတကား။

၄-၁၁-၇၃။

http://mmteashop.com

## ဂေါဝိန်တေးသံ

ဟိုဘက်မှာ စစ်ကိုင်းတောင်။
သည်ဘက်မှာ ဂေါဝိန်ဆိပ် ၊ လက်ပံရိပ်သောင်။
သောင်စပ်မှာ သစ်ဖေါင် ၊ သောင်ပေါ်ကကျွဲ။

ကျွန်းသစ်ကညင်တို့ ၊ မြစ်တခွင်စုန်သမျှ
ဖုံထအောင်ဆွဲ။

ရွှေမင်းဝံတောင်တော်ရိုး
မိုးချုပ်လို့ နေရီရီ ၊ မေးတင်လို့မှီ
ညနေအေးပြီမို့
လှေကလေးတွေ ကိုယ်စီကိုယ်စီ ၊ တက်ချီလို့ဝဲ။

ညနေချမ်းပေမို့
အိပ်တန်းပြန် ငှက်ကိုယ်စီ ၊ ဟန်ချီလို့ဝဲ။

မောချိန်မှာ ဂေါဝိန်ကမ်းဆီက
အပန်းဖြေ ညနေလှ ၊ တွေ့ရစမြဲ။


ကမ်းနားဈေးဆီက
ခွေးကလေးတကောင်နှစ်ကောင်
ဆီးတဲ့လို့ဟောင်။

ဆည်းဆာရိပ်မမှောင့်တမှောင်
ကြယ်ရောင်က မရဲတရဲ။

မိသားစုစုံညီစွာနဲ့
ကိုတံငါထမင်းဝိုင်း ၊ ခါတိုင်းလိုဘဲ။

http://mmteashop.com

လှေကြီးတွေ အစင်းစင်း
သင်းဘောတွေ အတန်တန်
ထက်အောက်စုန်ဆန်။
ကုန်ချသံ ကုန်တင်သံ ၊ ဆူညံလှသော်လဲ။



ဂေါ်ဝိန်တေးပေမို့
ချမ်းအေးတယ် ဆိုနိုင်ကောင်းပါရဲ့
စောင်းသံထက်ကဲ။

မန်းမြို့တော် သွေးကြော
ဂေါ်ဝိန်တဲ့ကမ်းသာ
လွမ်းဖွယ်ကဗျာ။

လှပါရဲ့မြစ်ရော ၊ သာပါရဲ့အမြဲ။
ခေတ်အစဉ် ဘုံခလေ့ကိုလ
ကြုံတွေ့ကာ မြင်နေကျပေမို့
လောကမှာ အနေရဲ
စီးလျက်သာပဲ။

ဂေါ်ဝိန်မဂ္ဂဇင်း
၁၉၇၇-မေ-၁

http://mmteashop.com

## ခရီးကြမ်း

ဟိုဖက်ကမ်း၌
အေးချမ်းဆိတ်ငြိမ် ၊ လွင့်မျောတိမ်သို့
အချိန်မရှိ ၊ အိမ်မရှိ။

သည်ဖက်ကမ်း၌
ခြေလှမ်းများစွာ ၊ တောတရာတည့်
ကန္တာတထပ် ၊ တန်လှပ်တထောင်
တောင်စဉ်တသောင်း ၊ တောင်နာမောင်းနှင့်
ပေါင်းဖော်သိန်းသန်း ၊ မှောင်ပိန်းလမ်း၌
စမ်းလိုချိုအေး ၊ အချစ်တေးနှင့်
သွေးချင်းများစွာ ၊ ရှိပေးပြာလျက်
ပူဆာငြိမ်းပျောက် ၊ အားသစ်ရောက်ခဲ့။

တထောက်နားချိန် ၊ ငါ့တဲအိမ်တွင်
စားမြိန်တထုပ် ၊ ရေတမှုတ်။
တနေ့နေ့၌
ချမ်းမြေ့စိမ့်စမ်း ၊ ဟိုဖက်ကမ်းသို့
လှမ်းရမည်သာ ၊ ငါသိပါလည်း
သည်မှာဖက်ကမ်း ၊ ခရီးကြမ်းကို
တလွှမ်းဆွတ်ဆွတ် ၊ ငါ့စိတ်ညွှတ်လျက်
စိုစွတ်မျက်ရည် လည်လိမ့်တကား။

၁၅-၁၀-၇၃။

http://mmteashop.com

## အနိရုဒ္ဓ၏ပုဂံ

အနိရုဒ္ဓ ၊ ဒေဝတမန်
ငါနန်းစံသည်
ပုဂံမည်သော နေပြည်တော်။

ကြေးနီအဆင်း ၊ မြေတလင်း၌
မင်းမင်းစံတည် ၊ ပုဂံပြည်ကား
စေတီမြင့်မြင့် ၊ ကြာဖူးပွင့်သို့
အတင့်အတယ် ၊ အဖွယ်အရာ
နန်းတော်သာနှင့်
ဧရာဝတီ ၊ သာမောစည်စိမ့်။

ငါ့ပြည်ရပ်ဌာန် ၊ ငါ့နိုင်ငံဟု
ပုဂံပြည်သူ ၊ ခွန်အားယူ၍
စိုက်ထူခဲ့ချေ ၊ ပုဂံမြေကား
ဧရာဝတီ ၊ အစွန့်ရှည်သို့
ဤပြည်ဤမြေ ၊ အသရေဖြင့်
ရှည်စေသတည်း ၊ တည်စေသတည်း။

ပြည်သူတို့လက် ၊ ငါ၏လက်ဖြင့်
မြေမျက်နှာပြင် ၊ မြကောက်ပင်တို့
ပြုံးရွှင်ကြစေ ၊ ရယ်ကြစေလော့။

ယာမြေခရောင်း ၊ ဆည်တူးမြောင်းဖြင့်
မြစ်ချောင်းစီးရေ ၊ ငါခိုင်းစေအံ့။

ရွှေပင်ဝါဝင်း ၊ ပြည်လုံးလင်းအောင်
နတ်မြင်ခွာသံ ၊ ပြည်လုံးလျှံအောင်

http://mmteashop.com

လုံပျံ့ကိုင်စွဲ ၊ ပြည်လုံးရဲအောင်
ကောက်ပဲသီးနှံ ၊ နတ်ရေကန်ဖြင့်
သန်သန်စွမ်းစွမ်း ၊ အံ့မခန်းဖွယ်
ပြည့်ဝမ်းမောက်လျှံစေသတည်း။

ငါတို့အားမာန် ၊ ငါ့တို့ဉာဏ်ဖြင့်
ဖန်တီးခဲ့သည် ၊ ပုဂံပြည်တည့်။

ပုဂံပြည်အား ၊ ပုဂံသားတို့
လုံ့ဓားကိုင်၍ စောင့်ကုန်လော့။
တရားလည်းဖြောင့် ၊ မြားလည်းဖြောင့်၍
စောင့်ရှောက်မြဲကြစေသတည်း။

ရှမဝ
(၃၀-၈-၇၅ မှာရေး ၁၇-၁၂-၇၆ပြီး)

http://mmteashop.com



## ဆရာတင်မိုး (၁၉၃၃-၂၀၀၇) ၏ ကိုယ်ရေးရာဇဝင် အကျဉ်း

မန္တလေးတက္ကသိုလ် ကလောင်ရှင်အသင်းမှ ထင်ရှားလာသော ကဗျာဆရာကြီး ဖြစ်သည်။ မြင်းခြံခရိုင်၊ တောင်သာမြို့နယ် ကန်မြဲ ဇဂျမ်းရွာတွင် ၁၉၃၃-ခုနှစ်၊ နိဝင်ဘာလ ၁၉ ရက်နေ့၌ အဖ စက်ချုပ် ဦးဘအို၊ အမိ ဒေါ်စံထယ်တို့မှ မွေးဖွားခဲ့သည်။ အမည်ရင်းမှာ ဘဂျမ်း ဖြစ်သည်။ မွေးချင်း ၃ ဦးအနက် ဒုတိယမြောက်သား ဖြစ်သည်။

ငယ်စဉ်က ဇဂျမ်းတိုင်းရင်းမြန်မာ အလယ်တန်းကျောင်းတွင် ပညာစ၍ သင်ကြားသည်။ ကန်မြဲ၊ မန္တလေးကျောင်းတိုက် ဆရာတော် ဦးအာစာရကျောင်း၊ ပခုက္ကူ ဆရာဦးခင်မောင် ကြီး ကျူရှင်ကျောင်း၊ ရေစကြိုအစိုးရအထက်တန်းကျောင်းတို့တွင် ပညာသင်ခဲ့သည်။ ကန်မြဲရွာ လူငယ်စာကြည့်တိုက် တည်ထောင်သူနှင့် အတွင်းရေးမှူး လုပ်ခဲ့သည်။ ရေစကြိုကျောင်းသား သမဂ္ဂ ဉာဏဗလမှူး၊ ရေစကြိုကလောင်ရှင်အသင်း တည်ထောင်သူနှင့် အတွင်းရေးမှူး။ ကန်မြဲစာကြည့်တိုက်တွင် *အရှက်ဦး* ၅ ရက် တစ်ကြိမ်ထုတ် လက်ရေး သတင်းစာကို ထုတ်ခဲ့ပြီး ရေစကြိုအစိုးရ အ-ထ-ကတွင် *ဒေါင်းနီ* နံရံကပ် လက်ရေးစာစောင်ကို ထုတ်ဝေခဲ့သည်။

**၁၉၅၀** - မန္တလေး(သီတင်းကျွတ်အထူးထုတ်) *ဗဟိုရ်စည်* သတင်းစာတွင် *ဝါကျွတ်သဘင်* ကဗျာကို *ကန်မြဲသက်နှင်း* အမည်ဖြင့် စရေးသားခဲ့သည်။

http://mmteashop.com

**၁၉၅၁** - အထက်ဗမာနိုင်ငံ စာရေးဆရာအသင်း *စာဆိုတော်* မဂ္ဂဇင်းတွင် *ကန်မြန်နန်းမြင့်နွယ်* ကလောင် အမည်ဖြင့် *လယ်ထဲက တေးသံချို* စသောကဗျာများ ရေးခဲ့သည်။

**၁၉၅၅** - *လူထုဂျာနယ်*တွင် *ကိုရင်ဂျမ်း*အမည်စသုံး၍ *စန်းရောင်* အမည်ဖြင့်လည်း ကဗျာများရေးခဲ့သည်။

**၁၉၅၈** ကစပြီး **တင်မိုး** ကလောင်နာမည်ကို သုံးခဲ့သည်။

**၁၉၅၇** - ၁၀တန်း စာမေးပွဲကို *မြန်မာစာဂုဏ်ထူး*ဖြင့်အောင်ခဲ့သည်။ ဆယ်တန်းအောင်ပြီး တက္ကသိုလ်ပညာသင်ဖို့ မရေမရာဖြစ်နေချိန်တွင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနပါမောက္ခ၏ ညွှန်ကြားချက်အရ မန္တလေးတက္ကသိုလ် မြန်မာစာပါမောက္ခက (မန္တလေးတက္ကသိုလ် မြန်မာစာဌာနမှာ) လာရောက်သင်ကြားဖို့ အကြောင်းကြားခေါ်ယူခဲ့သည်။ ထို့ကြောင့် မန္တလေးတက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ်တွင် ဆက်လက်ပညာ သင်ကြားခဲ့သည်။

**၁၉၅၇** မှာ မန္တလေးတက္ကသိုလ်မှာ စပြီး ပညာသင်ပါတယ်။ ၁၉၆၅ မှာ မန္တလေးတက္ကသိုလ်က ဝိဇ္ဇာဘွဲ့ရပါတယ်။

**၁၉၅၇ - ၆၇** - အထက်တန်းပြဆရာအဖြစ် အမှုထမ်း။ (၁၉၅၇-၅၈ မန္တလေးပွဲကုန်းကျောင်း။ ၅၈-၅၉ မန္တလေး ဆေးတက္ကသိုလ်ကျောင်း၊ ၅၉-၆၀ မြင်းခြံ အောင်တက္ကသိုလ်ကျောင်း၊ ၆၀-၆၁ ရန်ကုန်ပို့ဒီးအေ အလွတ်ပညာသင် ကျောင်း၊ ၆၂-၆၇ မန္တလေး နေ ပြည်တော် အထက်တန်းကျောင်း၊ အမှတ်(၁၇) အထက တို့၌ အထက်တန်းဆရာ အဖြစ် အမှုထမ်း ခဲ့ပြီး မြန်မာစာသင်ကြားပို့ချခဲ့သည်။

**၁၉၅၇ - ၅၉** - မန္တလေးတက္ကသိုလ် ကလောင်အသင်း ဒု-ဥက္ကဌ ဖြစ်သည်။

**၁၉၅၈** - ဖေဖော်ဝါရီ သွေးသောက်မဂ္ဂဇင်းတွင် *အခိုးခံရသော ကာရံကလေးများ* ကဗျာမှအစပြု၍ *တင်မိုး* အမည်ယူခဲ့သည်။

http://mmteashop.com

**၁၉၅၉** - မန္တလေးတက္ကသိုလ် ကလောင်ရှင်များအသင်းက ပထမဆုံးထုတ် *ဖလ်မီးအိမ်* ကဗျာများစာအုပ် ထွက်။ ပထမဆုံး လုံးချင်းကဗျာစာအုပ်ဖြစ်(ထိုနှစ် အတွက် စာပေဗိမာန်ဆုရ) သည်။

**၁၉၆၀ - ၆၁** - မန္တလေးတက္ကသိုလ် ကလောင်ရှင်အသင်းဥက္ကဌ ဖြစ်သည်။

**၁၉၆၃-၆၇** အထက်ဗမာနိုင်ငံ စာရေးဆရာအသင်း အမှုဆောင်။ ၁၉၆၅ ဖန်မီးအိမ်စာအုပ်တိုက်၊ ၁၉၆၆-၆၇ မှာ လူထုသတင်းစာ ကဗျာ အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။

**၁၉၆၇-၈၇** ရန်ကုန်တက္ကသိုလ်မှာ ဘာသာပြန်နဲ့ စာအုပ်ထုတ်ဝေရေး ဌာန စာပြုနဲ့ လက်ထောက် အယ်ဒီတာအဖြစ် အမှုထမ်းခဲ့ပြီး ၁၉၆၇-၈၄ အခြေခံပညာ သင်ရိုးညွှန်းတမ်း မြန်မာစာသင်ရိုးအဖွဲ့ဝင်အဖြစ် ကျောင်းသုံးမြန်မာဖတ်စာ စာမူရွေးခြယ်ခြင်း ရေးသားခြင်းပြုလုပ်ခဲ့သည်။

**၁၉၆၃** - *လေတစင်းနှင့်သီချင်းသည်* ကဗျာစာအုပ်ထွက်ရှိသည်။

**၁၉၆၃** - မတ်လ (၁၄)ရက်နေ့တွင် ဆရာမဒေါ်မြင့်မြင့်စန်းနှင့် လက်ထပ်သည်။

**၁၉၆၃ - ၆၇** ထိ အထက်ဗမာနိုင်ငံ စာရေးဆရာအသင်းအမှုဆောင် ဖြစ်သည်။

**၁၉၆၄** - အထက်ဗမာနိုင်ငံ စာရေးဆရာအသင်း စာတမ်းဖတ်ပွဲတွင် *မြန်မာကဗျာနှင့် အလားအလာ* စာတမ်း တင်သွင်းဖတ်ကြားသည်။

**၁၉၆၅** - *အမေ့ကျောင်း* ကဗျာစာအုပ်ထွက်ရှိသည်။

**၁၉၆၆ - ၆၇** - လူထုသတင်းစာ ကဗျာအယ်ဒီတာ လုပ်ခဲ့သည်။

**၁၉၆၆** - အထက်ဗမာနိုင်ငံ စာရေးဆရာအသင်း စာတမ်းဖတ်ပွဲ တွင် *ယနေ့ဗမာစာပေ* စာတမ်းကို မောင်စွမ်း ရည်နှင့် တွဲဖက်တင်ခဲ့သည်။

http://mmteashop.com

**၁၉၆၇** - *ပန်းဈေးခင်း* ကဗျာစာအုပ်ထွက် *ပိတောက်မှသရဖီ* သို့ထွက်။ မိုးဦးပန်းအစမ်းစား *စာအုပ်တွင် ပါဝင် ရေးသားခဲ့သည်။*

**၁၉၆၇ - ၆၈** - တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ် ထုတ်ဝေရေးဌာနတွင် စာပြု လက်ထောက်အယ်ဒီတာ ဖြစ်သည်။

**၁၉၆၉** - အထက်ဗမာနိုင်ငံ စာရေးဆရာအသင်း စာတမ်း ဖတ်ပွဲတွင် *ကဗျာလမ်း* စာတမ်းဖတ်ကြား။

**၁၉၆၉** - *စိမ်းလန်းသောအိပ်မက်* ကဗျာစာအုပ်ထွက်သည်။

**၁၉၇၀** - *ထီးကလေးနဲ့မနီ* ကလေးကဗျာစာအုပ်ထွက် (ထိုနှစ်အတွက် အမျိုးသားစာပေဆုရ)သည်။

**၁၉၇၁** - *ပျိုးခင်းတေးသံ* ကလေးကဗျာစာအုပ်ထွက်သည်။

**၁၉၇၂** - *ခုနစ်စဉ်ကြယ်* (စာပေယဉ်ကျေးမှုဆောင်းပါးစု) စာအုပ်ထွက်သည်။

**၁၉၇၃** - *နှင်းဆီပွင့်ပေါ်အိပ်ပျော်ခြင်း* ကဗျာစာအုပ်ထွက်သည်။

**၁၉၇၇** - *ပုဂံကျောင်းက ခေါင်းလောင်းသံ* ကဗျာစာအုပ်ထွက်သည်။

**၁၉၈၈** - အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တတ်သိပညာရှင်များ အဖွဲ့တွင် ပါဝင် ဆောင်ရွက်ခဲ့သည်။

**၁၉၈၉** - *အမေ့သား စကားတိုးတိုးပြောလှည့်ပါ* ကဗျာ။ *ကွန်မြူနစ်ဆန့်ကျင်ရေး လူကြီးမင်းသို့* ကဗျာများ ရေးခဲ့သည်။

**၁၉၉၁** - *နဒီငါးသွယ်* စာအုပ် (ကြည်အောင်၊ ကိုလေး (အင်း၀ ဂုဏ်ရည်) မောင်ခိုင်မာ၊ ခင်ဝင်းသစ် တို့နှင့် ပူးတွဲရေး) ထွက်ရှိသည်။

http://mmteashop.com

**၁၉၉၁ - ၉၅** - ပေဖူးလွှာမဂ္ဂဇင်း အယ်ဒီတာချုပ်ဘဝတွင် ထိန်းသိမ်းခံရသည်။

**၁၉၉၇** - *ကံကော်ရိပ်မှအိပ်မက်များ* ကဗျာစာအုပ်ထွက်။ *မပန်းဖြူရဲ့အမေ့ကျောင်း* ကဗျာတိတ်ခွေထွက်သည်။

**၁၉၉၈** - စက်တင်ဘာလတွင် *ကြွနာရနစ်များ* ကဗျာစာအုပ် ထွက်ရှိသည်။

**၁၉၉၉** - *ဩဂုတ် ၁၁ တွင် သမီးမိုးမိုးနှင်း နေထိုင်ရာ ဘယ်လ်ဂျီယံနိုင်ငံသို့ သွားရောက်နေထိုင်သည်။*

**၁၉၉၉** မှာ ပြည်ပကို ထွက်ခွါခဲ့ပြီး ကဗျာပေါင်းချုပ်အပါအဝင် ကဗျာစာအုပ် ၅ အုပ်ရေးသားထုတ်ဝေခဲ့ပါသည်။

**၁၉၉၉** ကနေ ၂၀၀၇ ခုနှစ် အထိ ပြည်ပအခြေစိုက် BBC, RFA, VOA မြန်မာရေဒီယိုတွေနဲ့ စာနယ်ဇင်း အင်တာနက်စာမျက်နှာတွေမှာ စာကဗျာရေးသားခြင်း များပြုလုပ်ခဲ့သည်။

**၂၀၀၀** - ပြည့်နှစ် *ဗုဒ္ဓနှင့်တွေ့ဆုံခြင်း* ကဗျာစာအုပ်ထွက်သည်။

**၂၀၀၂** မှာ အမေရိကန်ပြည်ထောင်စု အခြေစိုက် လူ့အခွင့်ရေးစောင့်ကြည့်ရေးအဖွဲ့က Hellman-Hammett Grant ဆု၊ ၂၀၀၄ အောက်တိုဘာမှာ နယ်သာလန်နိုင်ငံက Prince Claus Award စာပေဆုတို့ကို ချီးမြင့်ခံရသည်။

**၂၀၀၄** - (၁၉၉၉-၂၀၀၄) တင်မိုးကဗျာပေါင်းချုပ်ထွက်။ တင်မိုးနှင့် ၁၂-လရာသီခံစားမှု အသံစီဒီထွက်။ နယ်သာလံမှ စာပေယဉ်ကျေးမှု အထိမ်းအမှတ်ဆု(Prince Laus Award) ချီးမြင့်ခံရ။ မိုးမခရေဒီယိုနှင့် မီဒီယာတွင် အမှုဆောင်လူကြီးဖြစ်သည်။

**၂၀၀၅** - *အညာလမ်းမှတမာလမ်း* ကဗျာစာအုပ် ထွက်ရှိခဲ့သည်။

Credit – www.myanmarbookshop.com

http://mmteashop.com